
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက်အမှတ် - ၃၂၀၇၇၄၀၈၀၇

မျက်နှာဖုံးခွင့်ပြုချက် - ၃၂၀၄၅၀၀၃၀၈

၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ

ပထမအကြိမ်

**ထုတ်ဝေသူ**

စံလှစာပေ၊ ဒေါ်မြမြကြွေ (၀၁၃၆၄)

အမှတ် (၁၈၀)၊ ၂၉-လမ်း၊ ရန်ကုန်။

**ပုံနှိပ်သူ**

ဒေါ်မြမြကြွေ (၀၃၃၇၉)၊ ပင်မြင့်မာလာပုံနှိပ်တိုက်

အမှတ် ၂၄၊ တာဝတိံသာလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

**ဖြန့်ချိရေး**

စံလှစာပေတိုက်

အမှတ်(၁၈၀)၊ ၂၉-လမ်း၊ ပန်းဘဲတန်းမြို့နယ်၊

ရန်ကုန်မြို့၊ ဖုန်း - ၀၁-၂၄၆၆၂၁

တန်ဖိုး - 300 ကျပ်

**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

သင်သည်

အကုသိုလ်ကံကြောင့် ချမ်းသာခြင်းရမည်။

သင်သည်

ကုသိုလ်ကံကြောင့် ဆင်းရဲကြီးစွာခံစားရမည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

၁ နိဒါန်း


သို့မဟုတ်

ကုသိုလ်၊ အကုသိုလ်နှင့် တစ္ဆေပုံရိပ်များ ၁

● ကောသမ္ဗီကတစ္ဆေမနှင့်
ဖြစ်ရပ်ဆန်းကြယ်တစ္ဆေဇာတ်လမ်းများ ၁၁

၁။ ကောသမ္ဗီက [illegible]တစ္ဆေမ ၁၃

၂။ အချစ်[illegible]ဘ်ပြိတ္တာ ၂၉

၃။ အပုပ်နံ့လှိုင်နေကဲ့တစ္ဆေ ၄၅

၄။ ငွေအဆင်းနှင့် မလှသောပြိတ္တာ ၆၁

၅။ ရာဇဂြိုဟ်က တစ္ဆေတို့အကြောင်း (၁) ၇၃

၆။ ရာဇဂြိုဟ်က တစ္ဆေတို့အကြောင်း (၂) ၈၉

၇။ ဘုရားရှင်ဟောကြားသည့်
တစ္ဆေပြိတ္တာတို့အကြောင်း ၉၉

၈။ ကိုယ့်သားကိုယ်ဖွား ကိုယ်တိုင်စားရသည့်တစ္ဆေမ ၁၀၉

၉။ ကျိန်စာသင့်တစ္ဆေ ၁၂၅

၁၀။ ဗိမာန်ရှင်ဖြစ်ရသည့် ပြိတ္တာမ ၁၄၁

၁၁ သားက မထေရ်ရှင်မြတ်၊ မိခင်က တစ္ဆေမ ၁၅၃

❖ နိဂုံး (သို့မဟုတ်) ဝန်ခံချက် ၁၆၇


စာလုစာပေ

www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း

( သို့မဟုတ် )

## ကူညီလော်၊ အကူညီလော်နှင့် တစ္ဆေပုံရိပ်များ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

တစ္ဆေ၊ သရဲ၊ ပြိတ္တာ၊ မှင်စာ ဆိုသည့်အကြောင်းကို ကျွန်တော်တို့ ငယ်စဉ်ကတည်းက ကြားခဲ့ရဖူးသည်။ တစ္ဆေ၊ သရဲဟူလျှင် ကျွန်တော်ကို ကြောက်သည်။

သရဲ၊ တစ္ဆေဟူသည် ဘယ်လိုဟာမျိုးမှန်းမသိ။

သရဲဆိုသည်မှာ ကြောက်စရာကောင်းသည်။

ပြိတ္တာဆိုသည်မှာ နားရွက်တစ်ဖက်ခြုံ၊ တစ်ဖက်ခင်းအိပ် တတ်တဲ့အမျိုးဟု ပြောကြသည်။

ကျွန်တော်တို့ မြန်မာတော်တော်များများသည် အချိန်ကာလ ကြာသည်အထိ သရဲ၊ တစ္ဆေဟူလျှင် အကောင်အထည်မရှိဘဲ ကြောက်နေကြသည်။

ကျွန်တော်ကိုယ်တိုင်လည်း ဤသို့ပင်။





သို့သော် ကျွန်တော်သည် စာပေသမားပီပီ သရဲ၊ တစ္ဆေ၊ ပြိတ္တာတို့အကြောင်းကို စိတ်ဝင်တစား စူးစမ်းခဲ့သည်။ လူကြီးသူမအချို့က 'တစ္ဆေ၊ သရဲဆိုတာ မရှိဘူး၊ စိတ်ကခြောက်လှန့်နေတာ'ဟု ပြောကြသည်။

ဒါကော အမှန်လား။

ကျွန်တော်သည် အသက်အရွယ်ရပြီး အသိဉာဏ်ကျယ်လာသည်နှင့်အမျှ တစ္ဆေ၊ သရဲအကြောင်းကို သေသေချာချာ စူးစမ်းဖြစ်ခဲ့သည်။

သည်အခါ ထူးခြားမှုများကို တွေ့ရ၏။

[ ၂ ]

စင်စစ် တစ္ဆေဟူသည်မှာ 'ပြိတ္တာ'တို့အား ခေါ်ခြင်းဖြစ်၏။

"တစ္ဆေဟုခေါ်ရသည်က 'လူတွေကို ခြောက်
လှန့်တတ်တာကြောင့် တစ္ဆေ'လို့ ခေါ်တာ"

ဟု ဆိုကြသည်။

အမှန်ကိုဆိုသော် တစ္ဆေဆိုသည်မှာ ဘဇ္ဇေတိဟူသည့် သဒ္ဒါကိုစွဲ၍ ခေါ်ယူခဲ့ခြင်း ဖြစ်သည်။ 'တဇ္ဇေတိ' ဟူသည့် အဓိပ္ပာယ်မှာ... 'ကြောက်လန့်အောင် ခြိမ်းခြောက်သည်'ဟု



www.burmeseclassic.com

www.burmeseclassic.com



အမိဖွာယ်ရသည်။

[illegible] တစ္ဆေ အား မြန်မာတို့က ဆလိမ်နှင့် ရေးသား [illegible]ကြသည့်အခါ တစ္ဆေဟု တွင်ကျယ်လာသည်ဟု [illegible]။

အသေအချာစဉ်းစားကြည့်လျှင် တစ္ဆေဟူသည်မှာ လူ့[illegible]၌ အမှန်တကယ်ရှိသော အမျိုးအစားဖြစ်၏။

"တစ္ဆေကို လူတွေက လွယ်လွယ်ခေါ်နေကြတာက ပြိတ္တာတွေကိုပဲ။ ပြိတ္တာဆိုတာက အပါယ်လေးဘုံဖြစ်တဲ့ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဘုံမှ ပါဝင်တယ်။ လူ့ပြည်လူ့လောကမှာ တကယ်ရှိတယ်"

ဟု ပြောသည်။

လူတွေပြောသည့် သရဲ၊ တစ္ဆေ၊ ပြိတ္တာတို့က လူ့ပြည်တွင်ရှိသည့် တောချုံပိတ်ပေါင်း၊ လိုဏ်ခေါင်း၊ တောင်စောင်းများတွင် ခိုလှုံနေကြသူများ ဆင်းရဲထူပြောစွာ ခံစားရသူများ...။

"အဲဒီ တစ္ဆေ၊ သရဲဆိုတဲ့ အရာတွေက ဘာကြောင့် ဖြစ်ရတာလဲ"

လူတိုင်းက သည်အကြောင်းကို သိချင်ကြသည်။ အမှန်





ကို ဆိုသော် ထိုပြိတ္တာ၊ တစ္ဆေ၊ သရဲဆိုသူများက လူ့လောကတွင် ရှိနေကြပြီး လူ့လောကမှ ထွက်ခွာသွားကြသူများဟု ဆိုကြသည်။

ထိုသူများ က လူ့ပြည် လူ့လောကတွင် ရှိစဉ်က...

၁။ ငြူစူဝန်တိုခြင်းများသူများ

၂။ မိမိကိုယ်တိုင်လည်း ပေးကမ်းလှူဒါန်းခြင်းမရှိ၊ သူတစ်ပါး ပေးကမ်းလှူဒါန်းသည်ကိုလည်း ဟန့်တားတားမြစ်၍ အန္တရာယ်ပြုသူများ။

ထိုသူများက သေလွန်ခြင်း၏ အခြားတစ်ဖက်၌ ပြိတ္တာ၊ တစ္ဆေဖြစ်ရ၏။ ထိုသူတို့က အကုသိုလ်ကြီးသူများ။

[ ၃ ]

တစ္ဆေတို့အကြောင်းကို လေ့လာလျှင် တစ္ဆေဟူသည်ကား...

၁။ အမြဲမပြတ် ထမင်း၊ ရေ ငတ်ပြတ်နေသူများ

၂။ အနှစ်တစ်ရာ၊ တစ်ထောင်၊ တစ်သိန်း ခံစားနေရသူ

၃။ ဘုရားတစ်ဆူနှင့် တစ်ဆူကြား ကာလပတ်လုံး ခံစားနေရသူ



www.burmeseclassic.com

www.burmeseclassic.com



၄။ ထမင်းတစ်လုတ်၊ ရေတစ်မှုတ် မစား မသောက်ရဘဲ ကြီးစွာခံစားနေရသူ

သို့နှယ်ပင် ပြိတ္တာ၊ တစ္ဆေတို့၏ ခန္ဓာကိုယ်၌

- အသားအသွေးမျှမရှိ အရေသာရှိသည်
- အလွန်မလှသောအဆင်းရှိသူ
- ကြောက်မက်ဖွယ်အဆင်းရှိသူ

ကျမ်းဂန်တို့အဆိုအရ ပြိတ္တာဘုံသည် ငရဲရှစ်ထပ်၏အထက် လူ့ပတ်ဝန်းကျင်၌ တည်ရှိသည်ဟု အဆိုရှိ၏။ သို့နှယ်ပင် လူတို့၏ အတွေ့အကြုံ ဝေါဟာရအမည်တို့တွင် တစ္ဆေ၊ မှင်စာ၊ အစိမ်းသရဲသဘက်၊ ဖုတ်၊ ကျွတ်၊ ဥစ္စာစောင့်၊ ရက္ခစိုး၊ ဘီလူး စသည်တို့အား ဆိုကြခြင်းဖြစ်သည်။

သို့နှယ်ပင် တစ္ဆေခြောက်ခြင်းနှင့် ပတ်သက်၍ လေ့လာလျှင် အချို့က ကိုယ်ထင်ပြ၏။ အချို့က ညည်းညူကြလေ၏။ အချို့က အနံ့ပေး၏။ အချို့က ပူးဝင်၏။ အချို့က ခြောက်လှန့်၏။

စသည်တို့အားတွေ့ရ၏။

ဤကဲ့သို့ပင် တစ္ဆေ၊ သရဲ၊ ပြိတ္တာတို့၏ ခြောက်လှန့်ခြင်းနှင့် ပတ်သက်၍ လေ့လာလျှင်...





၁။ အခြောက်ခံရသူ ကံနိမ့်၍ အခြောက်ခံရခြင်း

၂။ နောက်ပြောင်ကျီစယ်လို၍ ခြောက်ခြင်း

၃။ ချစ်ခင်၍ ခြောက်ခြင်း

၄။ အမျှအတန်းပေးဝေစေလို၍ ခြောက်ခြင်း

၅။ စားသောက်လို၍ခြောက်ခြင်း

၆။ ဥစ္စာပေါ်လို၍ ခြောက်ခြင်း

၇။ မှာထားလို၍ ခြောက်ခြင်း

၈။ နှုတ်ဆက်လို၍ ခြောက်ခြင်း

၉။ သားမယားကို စွဲလမ်း၍ခြောက်ခြင်း

၁၀။ ဘုရားသံ၊ တရားသံကြား၍ မရွတ်အောင်ခြောက်ခြင်း

စသည်တို့ဖြစ်၏။

⁂

တစ္ဆေ၊ သရဲ စသည်တို့နှင့် ပတ်သက်၍ အလယ်တောရဆရာတော်နှင့် မန်လည်ဆရာတော်တို့ အဖြေက ရှင်းသည်။ ဆရာတော်တို့ အဆိုအရ တစ္ဆေ၊ သရဲ ဆိုသည်မှာ လူမဟုတ်၊



www.burmeseclassic.com

www.burmeseclassic.com



နတ်မမည်၊ တိရစ္ဆာန်ဟုလည်း မခေါ်၊ ငရဲသားနှင့်လည်း မတူဟု ဆို၏။

မင်းကွန်း အလယ်တောရဆရာတော်နှင့် မန်လည်ဆရာတော်တို့၏ အမေးအဖြေက ရှင်းနေ၏။

**မေး** ။ ။ ပြောကြလျှင် လောကတွင် တစ္ဆေရှိသကဲ့၊ ဆွေသိငဲ့လား၊ သိပါချင် ရှိပါလျှင်၊ တစ္ဆေဆိုတဲ့ သည်ပုဂ္ဂိုလ် ဘောင်သရုပ်ကို ကျမ်းရှုပ်လို့ကြီး။

**ဖြေ** ။ ။ လောကတွင်၊ ပြောကြခြင်း၊ တစ္ဆေရှိသည်ဟု၊ ခွဲသိကျော်ကြား၊ မျိုးတူဆွေသည် တစ္ဆေရှိမည် မဟုတ်ဘူး၊ မြေဖုတ်ကို တစ္ဆေဟု ပြောကြတယ်၊ လောကလူအများ။

ဆရာတော်၏ အဆိုအရ 'တစ္ဆေ'ဟူသည် ဖုတ်၊ ပြိတ္တာဖြစ်သတည်း။

မှန်သည်။

သရဲ၊ တစ္ဆေ၊ ပြိတ္တာဟူသည်က 'အကုသိုလ်' အကျိုးဆက်နှင့် မကောင်းမှုနှင့် မကောင်းဒဏ် ခံစားရခြင်းသရုပ်ဟု





သိရ၏။ လောက၌ တစ္ဆေသရဲဟူသည်မှာ ရှိသည်ဖြစ်သဖြင့် တစ္ဆေ၊ သရဲတို့အကြောင်းအား လူအများ သိစေချင်သဖြင့် ကျမ်းနှင့်ညှိ၍ ရေးသားခြင်းဖြစ်ပေသတည်း။

စာဖတ်သူတို့ရဲ့...
ကောင်းမှုတောင်းဆုပြုပါစေ

**အောင်မြတ်ဦး**



www.burmeseclassic.com

www.burmeseclassic.com

# ကောသမ္ဗိက တစ္ဆေမ

နှင့်

# ဖြစ်ရပ်ဆန်းကြယ် တစ္ဆေဇာတ်လမ်းများ

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၃ )

# ကောသမ္ဗီက တစ္ဆေမ

www.burmeseclassic.com

www.burmeseclassic.com



"တပည့်တော်မ ယှုလျှင်
ဂင်္ဂါမြစ်ရေကြည်သည်
သွေးအတိဖြစ်၍ သောက်မရပါ"

## ကောသမ္ဗီက တစ္ဆေမ

ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် ပထမသင်္ဂါယနာတင်သည့် အချိန်က ဖြစ်သည်။

မြို့က ကောသမ္ဗီ။

ကောသမ္ဗီတွင် နတေနမင်း စိုးစံအုပ်ချုပ် မင်းလုပ်နေသည့်အချိန်ဖြစ်သည်။ ထိုမင်းသည် ရတနာသုံးပါးကို ကြည်ညိုသူ၊ မင်းကျင့်တရားဆယ်ပါးနှင့်အညီ အုပ်ချုပ်၍ ပြည်သူပြည်သားတို့အား ရင်ဝယ်သားကဲ့သို့ ချစ်ခင်၏။

သို့နှယ်ပင် ဥတေနမင်းသည် မှူးမတ်တို့အားလည်း ရတနာမြတ်သုံးပါးအား ကြည်ညိုဆည်းကပ်ရန် ပြည်သူတို့အား သားသမီးရင်သား မခွဲခြားဘဲ စီမံအုပ်ချုပ်ရန် အမြဲမှာကြား၏။

ထိုမင်းသည် တရားဖျက်သူတို့အား မနှစ်သက်။ တရားဖျက်သူတို့အား လျစ်လျူရှုခြင်းမရှိ။ ထိုက်သောအပြစ်ပေး၏။

စလုတာပေ

www.burmeseclassic.com

www.burmeseclassic.com



သာရေနှင့်အညီ စီခံသူတို့ကိုကား ဆုလာဘ်ပဏ္ဏာ ချီးမြှင့်၏။

ထို့ကြောင့် မင်းနှင့် ပြည်သူ ကြည်ဖြူကြသလို ရာထမ်းထမ်းတို့အား ပြည်သူက လေးစား၏။

နိုင်ငံသည် အေးချမ်းသာယာ၏။

ကောသမ္ဗီသည် ငြိမ်းချမ်းသော၊ အေးဆေးသော တိုင်းနိုင်ငံ ဖြစ်၏။

ထိုအချိန် မဟာကစ္စည်း မထေရ်မြတ်သည် တစ်ကိုယ်နှစ်ပါးသော သံဃာတော်အရှင်မြတ်တို့နှင့် ကောသမ္ဗီမြို့အနီးတောအုပ်၌ သီတင်းသုံး၍နေ၏။

* * *

တစ်နေ့သ၌ ကောသမ္ဗီပြည်အား အုပ်စိုးသည့် ဥတေနမင်း၏ အားထားယုံကြည်ရာ ဖြစ်သည့် အမတ်တစ်ဦးလည်း ရုတ်တရက် ကွယ်လွန်ခဲ့၏။

ဥတေနမင်းသည် ထိုအမတ် ကွယ်လွန်ခြင်းသည် အားထားရာတစ်ခု ပဲ့စဉ်ထွက်သွားသည်နှင့် တူ၍ စိတ်နှလုံး ညှိုးနွမ်း၏။ လောက၌ ပညာရှိဟူသည် အစားထိုးမရသည့် အရာ ဖြစ်၏။





သို့သော် ဥတေနမင်းအဖို့ ဖြေသာသည်က ထိုအမတ်သည် အမြော်အမြင်ကြီးသူ ဖြစ်သဖြင့် တစ်ဦးတည်းသောသား ဖြစ်သည်။ သူ့အား လောက၏ ပြုဖွယ် သိဖွယ်မှန်သမျှအား သင်ကြားပေးခဲ့ခြင်းဖြစ်၏။

ထိုသားအမည်က 'ဥတ္တရ'ဖြစ်သည်။

ဥတ္တရလုလင်သည် ငယ်ရွယ်သူဖြစ်သော်လည်း ကျစ်လျစ်စွာနေ၏။ အပြောအဆို လိမ္မာ၏။ ဘာသာ သာသနာအကျိုးကို သည်ပိုး၏။

ဥတ္တရလုလင်က လူငယ်သော်လည်း အသိကြွယ်သောသူတည်း။ တစ်နေ့ ဥတေနမင်းသည် ဥတ္တရလုလင်အား ခေါ်တွေ့၏။

"အမောင်လုလင်... သင်က အရွယ်နှင့် မမျှအောင် ကျစ်လျစ်စွာနေ၏။ အပြောအဆို လိမ္မာ၍ ယဉ်ကျေးသူဟုလည်း ဆိုကြ၏။ သင်၏ဆရာက မည်သူနည်း"

ဟုမေး၏။

ထိုအခါ ဥတ္တရလုလင်က...

"ဘုန်းတော်ကြီးမြတ်လှသည့် အရှင်မင်းမြတ်...



www.burmeseclassic.com

www.burmeseclassic.com



အပွစရိယ မိနင့်ဖသည် လက်ဦးဆရာမည်၏။ လူ လိမ္မာ၏သား ဖြစ်သဖြင့် ကျွန်ုပ် ယဉ်ကျေးလိမ္မာရပါသည်။ ယခုလို လူသူအများ၏ ချစ်ခင်လေးစားမှု ခံရသည်မှာ ဖခင်၏ သွန်သင်မှုကြောင့် ဖြစ်ပါသည် အရှင်မင်းမြတ်”

ဟု လျှောက်တင်လိုက်လျှင် ဥတေနမင်းသည် လွန်စွာ ကျေနပ်သွား၏။ သို့ကြောင့် ဥတေနမင်းသည် ဖခင်၏ အရိုက်အရာအား ခံစားစေ၏။

ဥတ္တရလုလင်သည် ဖခင်၏ အရိုက်အရာရခြင်း၊ မြို့ကို ပိုင်ရလျှင် ပိုင်စားရသည့်မြို့အား လုပ်သာယာမှု ရှိစေရန်၊ အေးချမ်းမှုရှိစေရန် ပြည်သူတို့အား ရေနှယ်အလား မခြားအတူ အုပ်ချုပ်ပြီး မြို့ရွာကို ပြုပြင်ရန် စီစဉ်၏။

ထိုနောက် မြို့အား ပြုပြင်ရန်အတွက် သစ်ခုတ်သွား၏။ ကိုယ်တိုင်လည်း သစ်ခုတ်သွားသူတို့နှင့်အတူ လိုက်ပါခဲ့၏။

## မထေရ်နှင့်လုလင်

“ဒီတောမှာ အကျင့်စရဏနဲ့ ပြည့်စုံတဲ့ ရဟန်းတော်တစ်ပါး သီတင်းသုံးနေတယ်”

စလှုတာပေ



ဟု မင်းမှုထမ်းတစ်ဦးက ဥတ္တရလုလင်အား လျှောက်ထား၏။ ဥတ္တရလုလင်၏ရင်ထဲ၌ ထိုအသံကြားလျှင် အေးချမ်းသလိုခံစားလိုက်ရ၏။ ဖူးမြော်လိုသည့်ဆန္ဒ ပြင်းပြလာ၏။

“ဒါဆို ဒီမထေရ်ဆီကို ပို့ပေးစမ်းပါ။ ငါ ဖူးတွေ့လိုတဲ့ဆန္ဒရှိတယ်”

“ကောင်းပါပြီ သခင်”

သည်အခါ မင်းမှုထမ်းသည် ပုံသကူသက်နုံးဆောင်၍ ဆိတ်ငြိမ်အေးချမ်းစွာ သီတင်းသုံးနေသည့် အရှင်မဟာကစ္စည်းမထေရ်ထံသို့ ပို့ပေး၏။

မထေရ်သည် အမှန်ပင် အကျင့်စရဏနှင့်ပြည့်စုံ၏။ ဖူးတွေ့ရလျှင် ကြည်ညိုသဒ္ဓါစိတ် ပိုသွား၏။

ရှင်မဟာကစ္စည်းမထေရ်ကလည်း ဥတ္တရလုလင်အမတ်နှင့် မင်းမှုထမ်းတို့အား တရားဒေသနာ ဟောပြ၏။ သည်အခါ ဥတ္တရလုလင်သည် နှလုံးစိတ်ဝမ်း ငြိမ်းချမ်းသလို ခံစားရ၏။

ရတနာသုံးပါး ကြည်ညိုစိတ်ပိုလာ၏။

သရဏဂုံသုံးပါးအား ဆောက်တည်ဖြစ်ခဲ့၏။

ထို့အတူ ဥတ္တရလုလင်က...

“အရှင်မြတ်ဘုရား၊ တပည့်တော်၏ ကြည်ညို

စလှုတာပဲ

www.burmeseclassic.com

www.burmeseclassic.com



သဒ္ဒါတရားအား အလေးထားသောအားဖြင့် အစဉ် သနားစောင့်ရှောက်သောအားဖြင့် နက်ဖြန်နံနက်တွင် သံဃာတော်များနှင့်တကွ တပည့်တော်၏ အိမ်သို့ ဆွမ်းအလှူခံရန် ကြွတော်မူပါဘုရား”

ဟု လျှောက်ထား၏။

သည်အခါ ရှင်မဟာကစ္စည်းမထေရ်မြတ်သည် တည်ငြိမ်သောဣန္ဒြေဖြင့် လက်ခံတော်မူ၏။

ဥတ္တရလုလင်သည် ရှင်မဟာကစ္စည်း မထေရ်မြတ် ဆွမ်းအလှူကို လက်ခံလျှင် ပီတိဖြစ်ပြီး မြို့သို့ပြန်၏။

မြို့ရောက်လျှင် မဏ္ဍပ်ဆောက်၏။ အလှူကိစ္စ ဆောင်ရွက်၏။ ထိုမှ့မက မြို့ပေါ်တွင်ရှိကြသည့် ဥပသကာတို့အား မိမိ၏အလှူအိမ်သို့ ကြွရောက်ရန် ဖိတ်ကြား၏။

ဥတ္တရလုလင်သည် အလှူဒါနအတွက် ကျေနပ်ပီတိဖြစ်နေ၏။

နံနက်မိုးသောက် အလင်းရောက်ခဲ့ပြီ။

* * *





အရှေ့ဆီမှ ရောင်နီထွန်းပ၏။ မင်္ဂလာနံနက်ခင်းသို့ ရောက်လျှင် ရှင်မဟာကစ္စည်း မထေရ်နှင့် သံဃာတော်များသည် ဆွမ်းအလှူဒါယကာ ဥတ္တရလုလင်၏အိမ်သို့ ဆွမ်းခံကြွလာ၏။

ဥတ္တရလုလင်သည် အရှင်မဟာကစ္စည်းနှင့် နောက်ပါသံဃာတော်များ ဆွမ်းခံကြွလာသည်ကို မြင်လျှင် ကြည်နူးရွှင်မြူစွာ ခရီးဦးကြိုပြု၏။

မဏ္ဍပ်အတွင်း တည်ခင်းထားသည့် ဆွမ်းဘောဇဉ်တို့အား သီတင်းသုံးစေ၏။

ဥတ္တရလုလင်က လက်ဆယ်ဖြာဦးထိပ်မိုး၍

“ဘုန်းပေး သုံးဆောင်တော်မူပါ အရှင်”

ဟု လျှောက်တင်၏။

ဦးစွာပထမ ဥတ္တရလုလင်သည် ရှင်မဟာကစ္စည်းနှင့် သံဃာတော်တို့အား ပန်းနံ့သာအဦးတို့နှင့် ပူဇော်ပြီး မွန်မြတ်သော ဆွမ်းကို ကပ်လှူ၏။

ဥတ္တရလုလင်သည် ရှင်မဟာကစ္စည်းနှင့် သံဃာတော်များ ဆွမ်းဘုဉ်းပေးနေသည်ကို ကြည့်ကာ ပီတိဖြစ်ရ၏။

သို့နှင့် သံဃာတော်များ ဆွမ်းကိစ္စပြီးလျှင် ဆွမ်းအနုမော



www.burmeseclassic.com

www.burmeseclassic.com



ဒနာ တရားအား သေချာစွာနာကြား၏။

"ဆွမ်း, ကွမ်း မျှတပါစ ဘုရား"

"မျှတပါတယ် ဒကာ"

သံဃာတော်များ ဆွမ်းကိစ္စပြီး၍ နေအိမ်မှ ပြန်ကြွလျှင် ဥတ္တရလုလင်သည် မြို့တံခါးဝအထိ လိုက်ပို့၏။

မြို့တံခါးဝသို့ရောက်လျှင်...

"အရှင်ဘုရား သံဃာတော်များနဲ့ အရှင်ဘုရား တပည့်တော်အား ဒကာရင်းနယ် သဘောထား၍ တပည့်တော်အိမ်သို့ ဆွမ်း, ကွမ်းအလို့ငှာ အမြဲကြွ တော်မူပါဘုရား"

ဟု လျှောက်ထားလျှင် ရှင်မဟာကစ္စည်းမထေရ်နှင့် သံဃာတော်များက လက်ခံ၏။ ဥတ္တရလုလင်၏ အိမ်သို့ အမြဲ မပြတ်ကြွ၏။ မပြတ်ဆွမ်းလှူဒါန်းသည့် ဥတ္တရလုလင်အား ရှင်မဟာကစ္စည်းမထေရ်နှင့် သံဃာတော်တို့က မပြတ် သြဝါဒ တရား မြွက်ကြားခဲ့သဖြင့် မကြာခင်ပင် ဥတ္တရလုလင်သည် သောတာပတ္တိဖိုလ်၌ တည်ခဲ့၏။

ထို့နောက် ဥတ္တရလုလင်အမတ်သည် ရှင်မဟာကစ္စည်း မထေရ်နှင့် သံဃာတော်တို့အတွက် ကျောင်းဆောက်လုပ်





လှူဒါန်း၏။

ဆွေတော်မျိုးတော်အပေါင်းတို့အားလည်း သာသနာတော်၌ ကြည်ညိုစေ၏။

သရဏဂုံသုံးပါးကိုလည်း တည်စေခဲ့၏။

## ဝန်တိုငြူစူမှု၏ ရလဒ်

သားနှင့် အမိပင်ဖြစ်စေ အယူအဆ၊ အတွေးအမြင်ချင်း မတူသည်မှာ ဓမ္မတာဖြစ်သည်။

မှန်သည်။

ဥတ္တရလုလင်နှင့် မိခင်က သာဓကဟု ဆိုရမည်။

ဥတ္တရလုလင်သည် ဒါန သီလ တရားကို ယုံကြည်ပြီး ဒါန သီလအား ကျင့်ကြံ ကြိုးစား အားထုတ်နေစဉ်တွင် ဥတ္တရ လုလင်၏ မိခင်က သံဃာတော်တို့အား ကြည်ညိုခြင်းမရှိ။

တရားဘာဝနာ နာကြားရန် ဆန္ဒမရှိ။

သားဖြစ်သူ လှူဒါန်း ဒါနပြုနေခြင်းအား ဝန်တိုနေ၏။ ငြူစူကျိန်ဆဲကာနေ၏။

ထိုမျှမက



www.burmeseclassic.com

www.burmeseclassic.com



"ငါ့သားသည် ငါ့မလိုလားဘဲလျက် သံဃာ
တော် ဦးပြည်းခေါင်းတုံးတို့အား ဆွမ်းပေးလှူ၏။
ငါ့အလိုမရှိဘဲ လှူသောကြောင့် ပေးလှူခဲ့သည့်
ထမင်း၊ အဖျော်ယမကာတို့သည်, တမလွန်ဘဝ၌
သင့်အတွက် သွေးအတိဖြစ်ပါစေ"

ဟု ကျိန်စာတိုက်၏။

သို့သော် ဥတ္တရလုလင်၏ မိခင်သည် သားဖြစ်သူ ကျောင်းဆောက်လှူဒါန်းပြီးစီး၍ ကျောင်းရေစက်ချသောအခါ မည်သို့ သဒ္ဓါပေါက်သည်မသိ ကျောင်း၌ အသုံးပြုရန်အတွက် ဥဒေါင်းမြီးယပ်တစ်ခုကို ပေးလှူ၏။

သို့နှင့် မကြာခင်

ဥတ္တရလုလင်၏မိခင်သည် ကွယ်လွန်သွားခဲ့၏။

ယင်းသို့ သေလွန်ခြင်းနောက် ဥတ္တရလုလင်၏ မိခင်သည် ဥဒေါင်းမြီးယပ် လှူသည့် ကုသိုလ်ကံအကျိုးကြောင့် ဆံပင်တို့သည် ညိုသောအဆင်းရှိ၏။ ပြေပြစ်နူးညံ့ ရှည်လျား၏။ အဖျားကော့နေ၏။

ဝန်တိုမိစ္ဆရိယကြောင့်မူ ပြိတ္တာ 'တစ္ဆေ' ဖြစ်ခဲ့၏။

ထိုမှုမက ထိုတစ္ဆေမသည် ရေသောက်ရန်အလို့ငှာ ဂင်္ဂါမြစ်





ဆင်းပြီး ရေသောက်လျှင် အလျှံ၌ ကျိန်ဆဲခဲ့သည့် အကုသိုလ်ကံကြောင့် ဂင်္ဂါမြစ်ရေတို့သည် သွေးအတိဖြစ်နေသည်တည်း။

## အရှင်ကင်္ခါရေဝတနှင့် တစ္ဆေမ

"အို...ရေဆာလိုက်တာ"

ရောက်လေရာ သောက်လေရာတွင် ရေမှ သွေးတို့ချည်း ဖြစ်နေသဖြင့် ရေဆာနေ၏။ ရေသောက်ရရန်အလို့ငှာ မြစ်ရိုးတစ်လျှောက် လာ၏။

ဂင်္ဂါမြစ်ကမ်းတစ်နေရာ...

တစ္ဆေမနှင့် အရှင်ကင်္ခါရေဝတမထေရ်ကိုမြင်လျှင် မိမိ၏ ကိုယ်အား ဆံပင်တို့နှင့်ဖုံးလျက် မထေရ်အနီးသို့ ချဉ်းကပ်လာကာ ကိုယ်ထင်ပြ၏။

ထိုအခါ မထေရ်က...

"အဝတ်မပါ ဗလာအား ဆံကျောဖုံး၍ ချဉ်းကပ်
လာသူက မည်သူနည်း"

ဟု မေးလိုက်၏။

တစ္ဆေမသည် ရိုကျိုးစွာဖြင့်...

"အရှင်ဘုရား၊ တပည့်တော်မသည် အနုလို



www.burmeseclassic.com

www.burmeseclassic.com



အမြင်မတင့်သည့် ပြိတ္တာဘဝသို့ ရောက်ခဲ့သည်မှာ ငါးနှစ်ကျော်မျှ ရှိခဲ့ပါပြီ။ တပည့်တော်မသည် ထိုဘဝကို ရောက်သည်မှ ယနေ့အထိ ရေတစ်ပေါက်မျှ မသောက်ရခဲ့ပါ။ တပည့်တော်မ အဆာပြေစေရန် ရေတစ်ပေါက်တိုက်ပါ အရှင်ဘုရား"

ဟု လျှောက်ထား၏။

မထေရ်က...

"အို...ပြိတ္တာမ...ဤမြစ်သည် ဂင်္ဂါမြစ်ဖြစ်၏။ ရေသည် ကြည်လင်အေးမြ၏။ သင်ကြိုက်သလောက် သောက်နိုင်သည်။ အဘယ်ကြောင့် ငါ့ထံသို့ ရေလာတောင်းရသနည်း။ ဂင်္ဂါမြစ်က ငါပိုင်မြစ်မဟုတ်၊ အများပိုင်ဖြစ်သည်။ အများလည်း သောက်သုံးနေကြ၏။ သင်လည်း ကြိုက်သလောက်သောက်ပါ"

ဟု မိန့်၏။

ထိုအခါ တစ္ဆေမက ညှိုးငယ်စွာကြည့်ပြီး...

"အရှင်ဘုရား၊ တပည့်တော်မသည် ဂင်္ဂါမြစ်ရေ ကြည်မှန်းသိ၍ သောက်ရန်ယူပါသည်။ တပည့်တော်မ ယူလျှင် ဂင်္ဂါမြစ်ရေသည် သွေးအတိဖြစ်





သွား၍ တပည့်တော်မ ခပ်သောက်၍မရပါ။ သို့အတွက် တပည့်တော်မ ရေတောင်းရခြင်းဖြစ်ပါသည် ဘုရား"

မထေရ်က တည်ငြိမ်စွာဖြင့် "ဒကာမ သင်က အကုသိုလ်ကြီးလှ၏။ ဤကား ကုသိုလ်၊ အကုသိုလ်၏ အကျိုးဆက်ဖြစ်မည်။ သင်သည် ရှေ့ဘဝက မည်သို့သောအကုသိုလ်ကို ပြုခဲ့သနည်း"ဟု မေးသည့်အခါ ပြိတ္တာမက သူ၏ဘဝဇာတ်ကြောင်းကို လျှောက်၏။

လျှောက်တင်စကားဆုံးလျှင်...

"အကုသိုလ်အကျိုးဆက်က... ဆိုးလှသည့် ပြိတ္တာမ"

ဟု မိန့်ကြား၏။

ထိုအတူ အရှင်ကခ်ါရေဝတမထေရ်သည် ပြိတ္တာမအပေါ်တွင် သနားခြင်း ကရုဏာကြီးစွာဖြစ်တော်မူသဖြင့် မိမိဆွမ်းခံရသည့် ဆွမ်းနှင့်ရေအား သံဃာတော်များအား ရည်မှန်း၍ လှူဒါန်း၏။

ပြိတ္တာမကိုလည်း အမျှဝေ၏။

ထိုမျှမက မထေရ်သည် ကိုယ်တိုင် ပံ့သကူအဝတ်အား



www.burmeseclassic.com

www.burmeseclassic.com



ကောက်ယူလျှော်ဖွပ်ပြီး သက်နုံးလျှာပြုပြီးသကာလ သံဃာတော်များအား ရည်မှန်းကာ လှူဒါန်း၏။

ပြိတ္တာမကိုလည်း အမျှပေးဝေ၏။

ယင်းသို့ မထေရ်မြတ်မှ ကရုဏာနှင့် ဆောင်ရွက်ပေးသဖြင့် ပြိတ္တာမသည် သာဓုခေါ်နိုင်သည့်ဘဝကိုရပြီး တစ်ခဏအတွင်း နတ်စည်းစိမ်ကို ခံစားရ၏။

ပြိတ္တာမ နတ်စည်းစိမ်ရလျှင် နတ်စည်းစိမ်ခံစားရခြင်းအား သုံးသပ်မိသည့်အခါ မထေရ်မြတ်၏ အကျိုးဆောင်ပေးမှုကြောင့်ဟု သိရသဖြင့် မထေရ်မြတ်အား ရှိခိုးပူဇော် ကန်တော့လေသတည်း။

(ဥတ္တရမာတုပေတဝတ္ထု)

◆

စံလှစာပေ

အခန်း ( ၂ )

# အချစ်ကြီးချစ်တဲ့ နတ်ပြိတ္တာ

www.burmeseclassic.com

www.burmeseclassic.com

"အို နှမငယ်
အခုအချိန် လူ့ပြည်ပြန်လျှင်
သင့်အရွယ်သည် ဆံဖြူသွားကျိုးသည့်
အဘွားကြီးအရွယ်ဖြစ်မည်။
သင့်အဆွေအမျိုးတို့လည်း ရှိတော့မည်မဟုတ်"



[ ၁ ]

ဂေါတမမြတ်စွာဘုရား မပွင့်မီ နှစ်ပေါင်းခုနစ်ရာကျော် ကာလ ဖြစ်သည်။

သာဝတ္ထိပြည်၏အနီး၌ ရွာငယ်တစ်ရွာရှိ၏။ ထိုရွာတွင် နေထိုင်သည့် လူငယ်တစ်ဦးသည် ပုဏ္ဏေကမုဒ္ဒါ တစ်ပါးအား အလုပ်အကျွေးပြုနေ၏။ ထိုသူငယ်က ရိုးသား၏။ တည်ကြည်၏။

သူငယ် အရွယ်ရောက်လျှင်-

"သား...လူဆိုတာ အချိန်တန် အရွယ်ရောက်ရင် ကိုယ့်မျိုးဆက် အိမ်ရာထူထောင်တဲ့အလုပ် လုပ်ရတယ်။ သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်ဆိုတာ ဓမ္မတာမို့ ငါ့သား မငြင်းပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု မိခင်ဖြစ်သူက သားလိမ္မာအား အိမ်ထောင်ရက်သာ ချပေးရန် ပြော၏။ သူငယ်က ရိုးသားအေးဆေးသလို မိဘစကား အား မြေဝယ်မကျ နားထောင်သူဖြစ်သဖြင့် မငြင်းခဲ့။

"အမေ့ဆန္ဒကို သား မငြင်းပါဘူး၊ အမေ့စိတ်တိုင်းကျ စီစဉ်ပါ"

ဟု တုံ့ပြန်၏။

မိခင်သည် သားအား တူသောအမျိုးရှိသော အမျိုးသမီးငယ် တစ်ဦးနှင့် လက်ထပ်ပေး၏။ မိန်းကလေးက ရုပ်ရည်ရူပကာ ချောမောကာ လိမ္မာရေးခြားရှိသဖြင့် မြတ်နိုးမိ၏။

"အမိငယ်... ကျုပ် အမိငယ်ကို ပုဆိုးတန်းတင် အကြင်လင်မယားဘဝနဲ့ ရာသက်ပန် ရိုးမြေကျ ပေါင်းသင်းပါမယ်လို့ ကတိပြုပါတယ်"

ဟုဆိုသဖြင့် မိန်းကလေးမှာ ကြည်နူးရသည်။ "အမောင့် စကား ကြားရလို့ ကျွန်မ ကြည်နူးရပါတယ်။ ကျွန်မလည်း အမောင့်ကို မယားဝတ္တရားငါးပါးနဲ့ညီစွာ ပြုစုစောင့်ရှောက်ပါ မယ်"ဟု ဆို၏။

သူတို့နှစ်ဦးသည် ကြည်နူးပျော်ရွှင်မှုအတိ။

သို့တစေ၊ သူတို့က ကံမကောင်းခဲ့ကြ။





မိန်းကလေးသည် မုဆိုးမဇာတာ ပါခဲ့လေသလား မသိ။

အဘယ်ကြောင့်ဆိုသော် သူငယ်နှင့် သူငယ်မ ထိမ်းမြား လက်ထပ်သည့် ညနေပိုင်းတွင် သူငယ်သည် အပေါင်းအသင်း များနှင့် မြစ်ဆိပ်သို့ ရေသွားချိုးမိုက် လမ်းတွင် မြွေကိုက်ခံရပြီး ကွယ်လွန်အနိစ္စရောက်ရသောကြောင့် ဖြစ်၏။

သူငယ်တွင် ပစ္စေကဗုဒ္ဓါအား အလုပ်အကျွေးပြုခဲ့သည့် ကောင်းမှုကုသိုလ် ရှိခဲ့သော်လည်း သူငယ်သည် စွဲလမ်းစိတ်ဖြင့် သေလွန်သွားခဲ့သဖြင့် နတ်ပြည်သို့မရောက်ဘဲ ပြိတ္တာဘုံ၌ ကြီး ကျယ်သည့်ဗိမာန်နှင့် ပြိတ္တာဖြစ်၍ နေရလေသတည်း။

## စွဲမိတဲ့အာရုံ

"သူဟာ ငါ့သိပ်ချစ်သူဖြစ်သလို သူကလည်း ငါ့ကို သိပ်ချစ်ရှာတယ်။ သူနဲ့ငါဟာ ဘဝခြားမနေ သင့်ဘူး။ သူဟာ ငါ့အနားမှာရှိနေရမယ်"

ဗိမာန်ရှင်ပြိတ္တာသည် လူ့ဘဝက လက်ထပ်ခဲ့သည့် မိန်း ကလေးကို မမေ့နိုင်။ စွဲလမ်းချစ်ခင်ဆဲ။ သူ့စိတ်ထဲ၌ ထိုမိန်း ကလေးနှင့် အတူနေလိုစိတ်က ကြီးစိုးနေ၏။

ထို့ကြောင့်လည်း ပြိတ္တာဘဝသို့ရောက်သည့်တိုင် မိန်းက



www.burmeseclassic.com

www.burmeseclassic.com



လေးကို အချစ်ကြီးသဖြင့် မိမိနှင့် အတူတကွနေထိုင်နိုင်ရေးကိုသာ ကြံစည်စဉ်းစားနေမိလေသည်။

ဗိမာန်ရှင်ပြိတ္တာက နတ်ပြိတ္တာဖြစ်သဖြင့် စည်းစိမ်ခံစားနိုင်၏။ သူ့ချစ်သူမိန်းကလေးကိုလည်း သူနှင့်အတူ စည်းစိမ်ခံစားရန်နည်းလမ်းကို ရှာဖွေစဉ်းစားနေ၏။

"သူဟာ ငါချစ်သူဖြစ်သလို ငါနဲ့အတူ သူ
စည်းစိမ်ခံစားသင့်တယ်။ သူစည်းစိမ်ခံစားနိုင်ဖို့ ငါ
ကြိုးစားရမယ်"

ဗိမာန်ရှင်ပြိတ္တာသည် ဤသို့စဉ်းစားရင်းလာခဲ့ရာ သင်္ကန်းချုပ်လုပ်နေသည့် ပစ္စေကဗုဒ္ဓါတစ်ပါးနှင့် ဆုံစည်းရ၏။

ဝမ်းသာသွား၏။

ချက်ချင်းဆိုသလို ဗိမာန်ရှင်ပြိတ္တာသည် လူအသွင်ဖန်ဆင်းပြီး ပစ္စေကဗုဒ္ဓါအပါးသို့ ချဉ်းကပ်၏။

ရိုသေစွာဖြင့်...

"အရှင်ဘုရား... ချည်ဖြင့်ပြုလုပ်စရာကို အလို
ရှိပါသလားဘုရား"

ဟု မေးလျှောက်၏။

"ဒကာ၊ ငါကား သင်္ကန်းချုပ်ဆဲရှိ၏။





"အရှင်ဘုရား... ဤသို့ဆိုလျှင် အရှင်ဘုရား
အလိုရှိသော ချည်ကို ပြည့်စုံစွာရစေရန်အတွက် ထို
သူငယ်မထံ အလှူခံရန်ကြွပါ အရှင်ဘုရား"

ဟု လျှောက်ထားပြီးသကာလ ပစ္စေကဗုဒ္ဓအား သူ့စွဲလမ်းနေသည့် မိန်းကလေး၏ အိမ်ကို ညွှန်ပြ၏။

## စေတနာရှင်မိန်းကလေးနှင့် နတ်ပေးသည့်ပစ္စည်း

နေခြည်သည် ဝင်းလက်တောက်ပနေပြီး လေပြည်သည် ဆော့ကာ ဝဲကာ တိုက်ခတ်နေ၏။

ထိုစဉ် ပစ္စေကဗုဒ္ဓါသည် နေရောင်ခြည်အောက်တွင် တည်ငြိမ်စွာ လှမ်းကြွလာပြီးနောက် နတ်ပြိတ္တာလမ်းညွှန်ခဲ့သည့် အိမ်ရှေ့သို့ ရောက်လျှင် ရပ်တော်မူ၏။

ယင်းသို့ ရှင်ပစ္စေကဗုဒ္ဓါ ရပ်ချိန်၌ မိန်းကလေး အိမ်တွင်းမှအထွက် ဆုံခဲ့၏။ မိန်းမငယ်သည် ရှင်ပစ္စေကဗုဒ္ဓါအား ဖူးတွေ့ပိုက်ရလျှင် ကြည်ညိုသဒ္ဓါတရား ပြည့်ဝစွာဖြစ်တည်၍ အိမ်ရှေ့သို့ထွက်၏။

ရှင်ပစ္စေကဗုဒ္ဓါအား ရှိခိုး၏။

"အရှင်ဘုရား မည်သည့်အရာကို လိုသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကြွလာပါသနည်း ဘုရား"

ဟု မေးလျှောက်၏။

ရှင်ပစ္စေကဗုဒ္ဓက တည်ငြိမ်စွာဖြင့်

"ဒါယိကာမ... ယခု ငါသည် သင်္ကန်းချုပ်ဆဲ ကာလ ဖြစ်သဖြင့် ချည်အလိုရှိပါသည်"

ဟု မိန့်ကြား၏။

"တပည့်တော်မ ပေးလှူပါမည်"

ဟု ရိုသေစွာလျှောက်ထားပြီးသကာလ စေတနာသဒ္ဓါ ထက်သန်စွာဖြင့် ချည်ကို လှူလိုက်၏။

※ ※ ※

တစ်နေ့ ဗိမာန်ရှင်ပြိတ္တာသည် မိမိကိုယ်ကို လူသွင်ဖန်ဆင်း သည့်ရုပ်သွင်သည် တင့်တယ်၏။

ယောကျ်ားပီသသည့်အသွင်ကို ဆောင်၏။

ထို့နောက် မိန်းကလေးအိမ်သို့ သွား၏။

မိခင်ဖြစ်သူနှင့်တွေ့၏။

"အမိ...ကျွန်ုပ်သည် အမိသမီးဖြစ်သူ၏ သဒ္ဓါ တရား ထက်သန်မှု၊ ယဉ်ကျေးလိမ္မာမှုကို နှစ်သက်၏။





ထို့ကြောင့် ကျွန်ုပ်အား အမိသမီးငယ်ကို ပြုစုစောင့် ရှောက်ခွင့်ပြုပါ"

ဟု ဆို၏။

အမိသည် ဘာမျှမပြောသေး။ ဗိမာန်ရှင်ပြိတ္တာဖန်ဆင်းထား သည့် ယောကျ်ားပျိုအသွင်သဏ္ဌာန်၊ အမူအရာကိုကြည့်၏။

နှစ်သက်သဘောကျလျှင်

"အမောင်... အမောင်သည် အဆင်းရှိသလို အချင်းပြည့်စုံသူ ဖြစ်၏။ အမောင့်ဆန္ဒကို ငါ မငြင်း ပယ်လို"

ဟုဆိုပြီး သမီးနှင့် ပေးစား၏။

ဗိမာန်ရှင်ပြိတ္တာသည် မိန်းကလေးနှင့် နှစ်ရက် သုံးရက် အတူနေထိုင်ပြီး သုံးရက်မြောက်သောနေ့၌-

"မိခင်...မိခင်ကို ကျွန်ုပ် ချီးမြှောက်လိုပါသည်"

ဟုဆို၏။

မိခင်သည် ဘာမျှမပြော။

ထို့ကြောင့် တစ်ခါထပ်ပြောလျှင်-

"သားငယ်...အမိအဖကို ရိုသေသူ၏ဆန္ဒကို ငါ မငြင်းလို၊ သားငယ်ဆန္ဒရှိသလို စီစဉ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟုဆို၏။

ထိုအခါ ဗိမာန်ရှင်ပြိတ္တာက သူ့တန်ခိုးနှင့် အိမ်တွင်ရှိသည့် အိုးခွက်တို့အား ရွှေ ငွေတို့နှင့် ပြည့်စုံစေ၏။

ထိုအတူ အိုးခွက်တို့အထက်၌လည်း ကမ္ပည်းစာတမ်းထိုးထား၏။

"ဤရွှေငွေဥစ္စာတို့က နတ်တို့ပေးသည့် ဥစ္စာဖြစ်၏။ တစ်စုံတစ်ယောက်သောသူသည် မယူအပ်"

ဟုဖြစ်သည်။

※ ※ ※

ဗိမာန်ရှင်ပြိတ္တာသည် မိန်းကလေး၏မိဘတို့အား ဥစ္စာရွှေငွေများစွာပေးပြီးနောက်–

"မိခင်၊ မှန်ရာဆိုရသော် ကျွန်ုပ်သည် လူသားစင်စစ်မဟုတ်။ နတ်ဗိမာန်ရှင်သာ ဖြစ်သည်။ ဤနေရာ၌ မနေအပ်သဖြင့် ကျွန်ုပ် ဗိမာန်သို့ ပြန်ရမည်။ မိခင်၏သမီးငယ်ကို ခေါ်ယူခွင့်ပြုပါ"

ဟု ခွင့်တောင်း၏။

"အမောင် ယခုအခါတွင် ကျွန်ုပ်၏သမီးသည်





ဆိုင်သာဆိုင်သော်လည်း မပိုင်တော့။ အမောင်ကကာမပိုင်လင်ယောကျ်ား ဖြစ်သဖြင့် သျှောင်နောက်ဆံထုံးပါ ဆိုသော ထုံးနဲ့အညီ သင်သွားလေရာ ဆင်မယဉ်သာ လိုက်ရမည်၊ ငါမတားလို"

ဟုဆို၏။

"ကျေးဇူးကြီးလှပါသည် မိခင်"

ထို့နောက် ဗိမာန်ရှင်ပြိတ္တာသည် မိန်းမငယ်အား သူ၏ဘုံဗိမာန်ဆီသို့ ခေါ်သွား၏။

မိန်းကလေးငယ်၏ မိခင်သည်လည်း ထိုဥစ္စာတို့အား ဆွေမျိုးသားချင်းတို့အား ပေးကမ်း၍လည်းကောင်း၊ အလှူဒါနပြု၍လည်းကောင်း ချမ်းသာစွာနေ၏။ သို့သော် မိခင်သည် တဖြည်းဖြည်း ဇရာဖိစီးလာသဖြင့် မကျန်းမမာဖြစ်ခဲ့၏။

သို့နှင့် သေအံ့ဆဲဆဲကာလသို့ရောက်လျှင် ဆွေမျိုးတို့အား ခေါ်၏။

"ဘာကြောင်းရှိပါသလဲ"

ဟုမေး၏။

မိခင်က–

"သင်တို့အား ခေါ်ရခြင်းသည် ငါ၏ပစ္စည်းဥစ္စာ



www.burmeseclassic.com

www.burmeseclassic.com



တို့အား အပ်နှံရန် ခေါ်ယူခြင်းဖြစ်၏။ ဤပစ္စည်းတို့အား လုံခြုံစွာသိမ်းဆည်းပေးပါ။ ငါ့သမီးသည် ပြန်လာသည်ရှိအံ့၊ ဤပစ္စည်းတို့အား ပေးပါ”

ဟု မှာကြားပြီး မကြာခင် ဇရာ၊ မရဏ၏သဘာဝကွယ်လွန်အနိစ္စရောက်ခဲ့ရလေသည်။

အနေကြာသော်

ဂေါတမဘုရားရှင်သည် ပွင့်ခဲ့ပြီ။

ဘုရားရှင်ပွင့်တော်မူပြီး ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေစဉ်–

အမျိုးသမီးငယ်သည် ဗိမာန်ရှင် နတ်ပြိတ္တာနှင့် အနေကြာလာသည့်အခါ ငြီးငွေ့စပြုလာ၏။

ယခင်လို လန်းလန်းဆန်းဆန်း မရှိတော့။

ထို့ကြောင့် ဗိမာန်ရှင်ပြိတ္တာက...

“နှမမျက်နှာ မသာမယာနှင့် ဘာအလိုမကျ ဖြစ်နေပါသနည်း”

ဟု မေး၏။

သည်အခါ မိန်းကလေးက–





“အရှင့်သား...အရှင်သားအား နှမ မလိမ်ချင်ပါ။ နှမသည် ရှင်ပစ္စေကဗုဒ္ဓါအားချည်လှူရသည့်ကုသိုလ်၏ အကျိုးကြောင့် ယခု သင်နှင့်အတူ မပေါင်းမ... မကြောင့်မကြ ပြည့်စုံစွာနေရပါ၏”

ဟုဆိုစဉ်–

“ဒါဆို ဘာကြောင့် မျက်နှာညှိုးနေရသလဲ” ဟု...

“နှမပြောပါမည်၊ ယခုအခါ နှမသည် လူ့ပြည်သို့ ပြန်လိုစိတ်ပြင်းပြနေပါသည်။ လူ့ပြည်၌ ကုသိုလ်ကောင်းမှုပြုလိုပါသည်။ ထို့ကြောင့် ကျွန်ုပ်အား မိခင်ထံသို့ ပြန်ပို့ပေးစေလိုပါသည်”

ဟု ဆို၏။

“အို...”

ဗိမာန်ရှင်ပြိတ္တာ ရင်ပူသွား၏။ ဗိမာန်ရှင်ပြိတ္တာသည် သမီးငယ်အပေါ်တွင် ချစ်ခင်စွဲလမ်းစိတ် မကုန်သေးသဖြင့် ...စိတ်ညလည်းမရှိ။ ညှိုးငယ်စွာဖြင့်–

“နှမငယ်... နှမငယ် ဤနေရာသို့ ရောက်သည်မှာ အနှစ်ခုနစ်ရာရှိပြီကို သင်မသိ၊ ထို့ကြောင့် နှမ အခုအချိန် လူ့ပြည်သို့ပြန်သွားလျှင် သင့်အရွ...



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဆံဖြူသွားကျိုးသည့် အဘွားအိုအရွယ်ရှိမည်။ သင့် အဆွေအမျိုးတို့သည်လည်း ရှိကြတော့မည် မဟုတ်။ သေလွန်ကုန်ကြပြီ။ ဒါကြောင့် နှမအနေနဲ့ ငါ့ထံမှာပဲ ငါ့ရဲ့တန်ခိုးဖြင့် ချမ်းသာစွာနေပါ”

ဟု အကျိုးအကြောင်းနှင့် ရှင်းပြ၏။ ထို့ကြောင့် အမျိုးသမီးငယ် အံ့သြရ၏။ ပြီးမှ…

“အရှင့်သား ကျွန်ုပ်အတွက် ဤနေရာသို့ရောက်သည်မှာ ခုနစ်ရက်မျှသာ ကြာသေးသည်ထင်ပါသည်။ ထို့အတူ လူ့ပြည်သို့ပြန်ပြီး နတ်ပြည်ရောက်ကြောင်း၊ ဒါနကောင်းမှုကိုလည်း ပြုလိုသည့်ဆန္ဒများလည်း ဖြင်းပြနေပါသည်၊ ကျွန်ုပ်ကို ခွင့်ပြုပါ”

ဟု တောင်းပန်၏။

ထိုအခါ ဗိမာန်ရှင်ပြိတ္တာက ညိုးငယ်စွာဖြင့်–

“ကောင်းပြီ… နှမက တားမရတော့ဘူးဆိုရင် သင့်ဆန္ဒအတိုင်း ပြန်ပါ။ သင် လူ့ပြည်သို့ရောက်လျှင် ခုနစ်ရက်မျှသာ နေရပါလိမ့်မည်။ အသက်ရှင်ခွင့်ရနည်းပါသည်။ ထို့ကြောင့် သင် လူ့ပြည်သို့ရောက်လျှင် သင့်အမေထားခဲ့သည့် ဥစ္စာပစ္စည်းများ ရှိပါသေးသည်။ သင် ထိုဥစ္စာတို့အား ယူ၍ ရဟန်း၊ ပုဏ္ဏားတို့အား လှူပါ။ ငါ့ထံသို့ပြန်လာနိုင်ရန် ဆုတောင်းပါ”





ဟု မှာ၏။

ဗိမာန်ရှင်ပြိတ္တာသည် အမျိုးသမီးငယ်အား ရွာလယ်၌ ချပေးပြီး…

“နှမ… ဤအရပ်၌ ရှိကြကုန်သောသူတို့အား စွမ်းနိုင်သမျှ ဒါနပြုရန် ဆုံးမပါ”

ဟု မှာပြီးနောက် ဘုံဗိမာန်သို့ ပြန်သွား၏။

ဗိမာန်ရှင်ပြိတ္တာပြန်သွားလျှင် အမျိုးသမီးငယ်သည် ချက်ချင်း အဘွားအိုကြီးဖြစ်သွား၏။ ဒီအမျိုးသမီးငယ်သည် တုန်တုန်ချည့်ချည့်နှင့် သူ့ဆွေမျိုးတို့အားရှာ၏။ သေသူသေကြပြီဖြစ်သဖြင့် ဆွေမျိုးစဉ်ဆက်ကို စုံစမ်းရ၏။

ဆွေမျိုးစဉ်ဆက်ကိုသိလျှင် ဥစ္စာပစ္စည်းတို့ကို ပြန်ရ၏။ ဥစ္စာပစ္စည်းတို့ရလျှင် ခုနစ်ရက်ခုနစ်လီ အလှူကြီးပေးရင်း သူတို့ကိုလည်း ဒါန သီလ ပြုကြရန် တိုက်တွန်းဆုံးမ၏။



www.burmeseclassic.com

www.burmeseclassic.com



ခုနစ်ရက်မြောက်သောနေ့တွင် အမျိုးသမီးသည် ကွယ်လွန်

ထိုကွယ်လွန်ပြီးနောက် တာဝတိံသာနတ်ပြည်၌ နတ်သမီး
ဖြစ်လေသတည်း။

(သုတ္တပေတဝတ္ထု)

◆



အခန်း ( ၃ )

# အမှုပိမ့်နှိုင်နေတဲ့ တစ္ဆေ

www.burmeseclassic.com

www.burmeseclassic.com

"ခန္ဓာကိုယ်သည်
ရွှေအဆင်းသို့ရှိပြီး
ခံတွင်း၌ကား ပိုးလောက်တို့တဖွားဖွား
ထွက်နေ၏။
ထိုပိုးလောက်တို့ကား ခံတွင်းကိုစားနေ၏"



ဂိ[illegible]ကုဋ် [illegible]ငတွင် သီတင်းသုံးနေသည့် အရှင်နာရဒ၏ မထေရ်[illegible] ဝါကနှုတ်သီးရွှေအဆင်းရှိသည့် ပြိတ္တာကို တွေ့မြင်ခဲ့ရသကဲ့သို့ တစ်ခါတွင် ဆွမ်းအလို့ငှာ ရာဇဂြိုဟ်သို့ ကြွချိန်က လမ်းခရီး၌ ပြိတ္တာတစ်ကောင်အား တွေ့ရပြန်၏။

ထိုပြိတ္တာကလည်း ထူးမခြားနား ရင်နာဖွယ်ပြိတ္တာဖြစ်၏။

ထိုပြိတ္တာ၏ ခန္ဓာကိုယ်သည် ရွှေအဆင်းကဲ့သို့ ဝါဝင်းနေ၏။ ခံတွင်း၌ကား ပိုးလောက်တို့ တဖွားဖွားထွက်နေ၏။ ထိုပိုးလောက်တို့သည် ခံတွင်းကို စားကုန်၏။

ထိုပြိတ္တာ၏ ခန္ဓာကိုယ်မှ အပုပ်နံ့သည် လှိုင်နေ၏။

သဏ္ဍာန်ကိုမတွေ့ရခင် အပုပ်နံ့ကိုရ၏။

အရှင်နာရဒမထေရ်သည် ထိုတရွှေ၏ မြင်ရသည့်မြင်ကွင်းကြောင့် သနားကရုဏာသက်ပြီး စုံစမ်းမေးမြန်းရန် အနားကပ်လိုက်၏။

စလုတလေ

www.burmeseclassic.com

www.burmeseclassic.com



"အသင်…ဤမည်သောအတ္တဘောကို မည်သို့သော မကောင်းမှုကံကိုပြုခဲ့သဖြင့် ခံစားနေရသနည်း"

ဟု မေးလိုက်လျှင်…

"အရှင်ဘုရား၊ တပည့်တော်သည် လူ့ဘဝက ရဟန်းတစ်ပါးဖြစ်ခဲ့သော်လည်း မိမိသည် နှုတ်ထွက်သရမ်းပြီး ယုတ်မာသည့်အပြုအမူကို ပြုခဲ့မိပါသည်။ အကျင့်စရဏကို သွေဖည်သည့် ရဟန်းတို့အဖြစ် ရပ်တည်ခဲ့ပါသည်"

ဟု လျှောက်လျှင် ကရုဏာနှင့်ကြည့်၏။ တစ်ဖန်…

"လောက၌ ကောင်းမှုကြောင့် ကောင်းကျိုးကံကို ခံစားရသလို မကောင်းမှုကြောင့် မကောင်းကျိုးခံစားရပါသည်။

ကျွန်ုပ်ခန္ဓာကိုယ် ရွှေအဆင်းရှိခဲ့သည်မှာ သက်န်းဝတ်ခဲ့သည့်အကျိုးကြောင့်ဖြစ်ပြီး ခံတွင်းအပုပ်နံ့လှိုင်နေသည်မှာ ဝစီကံအကုသိုလ်အကျိုးကြောင့် ဖြစ်ပါသည် ဘုရား"

ဟု လျှောက်၏။

အရှင်နာရဒမထေရ်က—





"အသင် မည်သို့သော ဝစီနှုတ်သရမ်းမှုကို ပြုခဲ့ပါသနည်း"

ဟု မေး၏။

ထိုအခါ အပုပ်နံ့လှိုင်နေသည့် ပြိတ္တာသည် သူ့ဘဝဖြစ်စဉ်ကို ပြန်လည်တင်ပြ ပြောပြ၏။

## လူနှစ်ဦးကြားက ကုန်းသမား

ကဿပဘုရားရှင်လက်ထက်တော်အခါကဖြစ်သည်။

အမျိုးကောင်းသားနှစ်ဦးသည် ဘုရားရှင်၏ သာသနာရိပ်တွင် ခိုလှုံပြီးနောက် ရဟန်းဝတ်နှင့် မြတ်သောအကျင့်ကို ကျင့်ဆောင်နေကြ၏။

ခေါင်းပါးသော အသက်မွေးသော သလ္လေခဂုဏ်နှင့်ပြည့်စုံသည့် တစ်ခုသောရွာငယ်၌ ညီညွတ်မျှတစွာ သီတင်းသုံးနေထိုင်ကြ၏။

ယင်းသို့ ညီညွတ်မျှတစွာ သီတင်းသုံးနေထိုင်သည့် နေရာသို့ ရဟန်းတစ်ပါး ရောက်လာ၏။ ထိုရဟန်းသည် ချောပစ်ကုန်းတိုက်တတ်သည့်အကျင့် ရှိ၏။

မထေရ်နှစ်ပါးသည် ထိုရဟန်းအား ကောင်းမွန်စွာ မြည့်ခံ



www.burmeseclassic.com

www.burmeseclassic.com



ကြိုဆို၏။ နေရာထိုင်ခင်းပေး၏။

ထို့နောက် နှစ်ရက်မြောက်သည့်နေ့တွင် မထေရ်နှစ်ပါးသည် ထိုရဟန်းအားခေါ်၍ ရွာငယ်သို့ ဆွမ်းခံဝင်၏။

ရွာသူရွာသားများသည် ထိုရဟန်းအားလည်း ကြည်ညိုမြတ်နိုး၍ ဆွမ်းယာဂု အစရှိသည်တို့အား ရိုသေမြတ်နိုးလှူဒါန်းကြ၏။

ထိုရဟန်းသည် ရွာသူရွာသားများ၏ သဒ္ဓါတရားထက်သန်မှု၊ ရိုသေမြတ်နိုးမှုကို တွေ့မြင်ရသည့်အခါ လောဘဇောတက်ခဲ့မိ၏။

"ဤဆွမ်းခံရွာက အလွန်ကောင်းမွန်သကဲ့သို့ လှပလာသည်။ ရွာသူရွာသားတို့သည်လည်း သစ္စာဟာရနှင့် ပြည့်စုံကြ၏။ ထို့အတူ ဤကျောင်းသည်လည်း အရိပ်အာဝါသ ကောင်းမွန်လှ၏။ ဤသည်ကား ချမ်းချမ်းသာသာနေသင့်သည့် အရပ်ဖြစ်သည်"

ဟု တွေးမိ၏။

သည်ကျောင်းအားလည်း အပိုင်စီးရန်လည်း စဉ်းစားမိပြန်၏။

"ဟုတ်တယ်၊ ဒီကျောင်းမှာ ငါ့အပြင် ရဟန်း





နှစ်ပါးလည်း ရှိနေတဲ့အတွက် ငါ့အဖို့ ထာဝရ ချမ်းသာခြင်း မဖြစ်နိုင်ဘူး။ ဒီရဟန်းနှစ်ပါး စိတ်ဝမ်းကွဲမှ ငါချမ်းသာစွာနေရမည်"

ဟု စဉ်းစားမိလျှင် ရဟန်းနှစ်ပါးအား စိတ်ဝမ်းကွဲစေရန် ကောင်းကြံရန် အကြံထုတ်ခဲ့၏။

အကြံရလျှင် ဤမှာ ကျေနပ်ရပြီ။

❊ ❊ ❊

တစ်နေ့သ၌ အသက်ဝါကြီးသည့် မထေရ်ကြီးသည် ရဟန်းနှစ်ပါးအား ဆုံးမဩဝါဒစကား ဆို၏။

ပြီးလျှင် မိမိနေရာသို့ပြန်၏။

ကုန်းစကားဆိုရန် အခြေအနေ အကဲခတ်နေသည့် ရဟန်းသည် မထေရ်ကြီးပြန်သွားသည်ကိုကြည့်ပြီး ပြုံး၏။

"ဒီမှာခဏစောင့်ပြီး မထေရ်ကြီးအခန်းကို ဝင်ရမယ်၊ ဒါဟာ ငါ့အတွက် အကွက်ပဲ"

ဟုတွေး၏။

အချိန်အနည်းငယ်ကြာလျှင် ရဟန်းသည် မထေရ်ကြီး၏ အခန်းသို့ ဝင်၏။



www.burmeseclassic.com

www.burmeseclassic.com



မထေရ်ကြီးသည် အံ့သြစွာကြည့်၍...

"ငါ့ရှင်...အချိန်မဟုတ်၊ အခါမတော် ဘာအရေးရှိ၍ လာသနည်း"

ဟု မေး၏။

"အရှင်ဘုရား ..အရှင်ဘုရားမိန့်သလို အချိန်မတော်၊ အခါမဟုတ်သည်လည်း မှန်ပါသည်။ သို့သော် အရေးကြီးသည့်အကြောင်း လျှောက်တင်စရာရှိ၍ ဝင်ခဲ့ရပါသည်။"

"ဘာအကြောင်းလဲ ငါ့ရှင် လျှောက်တင်ပါ"

"အခြားတော့မဟုတ်ပါ အရှင်ဘုရား၊ အရှင်ဘုရား၏ မိတ်ဆွေရဟန်းသည် အရှင်ဘုရားရှေ့တွင် မိတ်ဆွေကဲ့သို့ ချိုသာပျူငှာစွာ ဆက်ဆံနေသော်လည်း အရှင်ဘုရား၏ ကွယ်ရာတွင် ရန်သူကဲ့သို့ ရှုတ်ချဝေဖန် ပြစ်တင်နေပါသည် အရှင်ဘုရား"

မထေရ်ကြီးသည် စိတ်ဝင်စားသွား၏။ "အဘယ်သို့များ ပြောဆိုနေသနည်း" ဟု မေး၏။

"အရှင်ဘုရား နားစိုက်တော်ပါဘုရား၊ အရှင်ဘုရား မိတ်ဆွေရဟန်းသည် ကွယ်လျှင် အရှင်ဘုရား





အား ဤမထေရ်သည် ကောက်ကျစ်စဉ်းလဲ၍ လွဲမှားသည့် အသက်မွေးမှုအား ပြုနေသည်၊ ဝေဝါးခြင်းအမှုကိုပြုပြီး မမှန်သောအလုပ်ကို လုပ်နေသူဖြစ်သည်ဟု ကျေးရူးမဲ့စကားကို ဆိုနေပါသည် အရှင်ဘုရား"

ထိုအခါ မထေရ်က–

"ငါ့ရှင်ရဟန်း...သင့်စကားသည် အမှန်မှ ဟုတ်ပါ၏လော။ ငါ၏မိတ်ဆွေ ဤသို့ပြောမည်ဟု ငါ မထင်ပါ။ ပြောလည်း ပြောမည်မဟုတ်ပါ။ ငါတို့သည် ကာလရှည်ကြာစွာ အတူနေခဲ့သူများလည်းဖြစ်၏။ တစ်ဦး၏သဘောကို တစ်ဦးကောင်းစွာသိကြ၏။ ငါ့မိတ်ဆွေသည် သီလကို မြတ်နိုး၏။ ကောင်းသောအကျင့်ကို ကျင့်ခဲ့၏"

ဟု မိန့်၏။

ထိုအခါ အကျည်းတန်ရဟန်းက–

"အရှင်ဘုရား၊ အရှင်ဘုရားတို့သည် မိမိတို့၏ သန့်ရှင်းစင်ကြယ်သည့်စိတ်ရှိသည် အဖြစ်ကြောင့်သာ ဤသို့ စိတ်ထားရှိနိုင်ခြင်းဖြစ်သည်။ ဤစိတ်ထားကောင်းမှုသည် အရှင်ဘုရားအားသာ သင့်လျော်ပါ၏"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြီး မထေရ်ကြီးအားကြည့်ကာ "တပည့်တော်သည် မထေရ်နှင့် ခိုက်ရန်ဒေါသ မဖြစ်ဖူးခဲ့ပါ။ တပည့်တော် အဘယ်ကြောင့် ထိုမထေရ်မပြောဘဲ ပြောဝံ့မည်နည်း။ အရှင်ဘုရား မယုံကြည်လျှင် ရှိပါစေတော့။ နောင်တော့ အရှင်ဘုရား သိပါလိမ့်မည်"ဟု လျှောက်ထားရင်း မထေရ်ကြီးအခန်းမှ ထွက်ခဲ့သည်။

ကောင်းကင်ပြင်မှ ရွှေလဝါဝါအား တိမ်မည်းညိုတို့ ဖုံးအုပ်နေပြီ။

※ ※ ※

သို့သော် မထေရ်ကြီးသည် ပုထုစဉ်ဘာဝဖြစ်သဖြင့် အပြစ်ဒေါသနှင့်အတူ တွေးတောယုံမှားစိတ် ဖြစ်ခဲ့၏။

ရဟန်းယုတ်သည် ဟိုတစ်မျိုး၊ သည်တစ်မျိုးပြောသဖြင့် ကြာသော်အခါ မထေရ်နှစ်ပါးသည် တစ်ပါးကိုတစ်ပါး သံသယဝင်လာ၏။ "ဤရဟန်းပြောသည့်အတိုင်း ဖြစ်နိုင်သည်"ဟု တွေးမိသည်။

ယင်းသို့တွေးမိသည်နှင့်အမျှ တစ်ဦးကိုတစ်ဦး ယုံကြည်မှုနည်းပြီး အကျွမ်းဝင်မှု လျော့သွား၏။





ရဟန်းယုတ်က အလျဉ်းသင့်သလို အကြိမ်ကြိမ် ကုန်းစကားဆိုသောအခါ မထေရ်နှစ်ပါးသည် တစ်ဦးကိုတစ်ဦး စကားမပြောဘဲ နေကြ၏။

အရင်ကလိုမဟုတ်ဘဲ သီးခြားဆွမ်းခံထွက်ကြပြီး သီးခြားဆွမ်းဘုဉ်းပေးကြ၏။

အချင်းချင်း အရိုအသေပေးခြင်း၊ စကားပြောခြင်းလည်း မပြုကြတော့။

သို့နှင့်...နောက်တစ်နေ့တွင်မူ-

မထေရ်နှစ်ပါးသည် မိုးသက်မှောင်မိုက် အရိပ်မပြေးမီအချိန်တွင် တစ်ဦးကိုတစ်ဦး စကားမပြော၊ အသိမပေးဘဲ အရပ်တစ်ပါးသို့ အသီးသီး ခွဲခွာထွက်သွားကြလေသတည်း။

## အောင်မြင်မှုမဟုတ်သောအရှုံး

"အောင်ပြီ၊ အခုဆိုရင် ဒီကျောင်းကို ငါပိုင်ပြီ။
ငါတစ်ယောက်တည်း လာဘ်လာဘများနဲ့ ချမ်းသာစွာ
နေနိုင်ပြီ"

ချောပစ်ကုန်းတိုက်သည့် ရဟန်းသည် အစီအစဉ်တကျ ချောပစ်ကုန်းတိုက်မှုကြောင့် မထေရ်နှစ်ပါး အထင်လွဲကာ ထွက်



www.burmeseclassic.com

www.burmeseclassic.com



သွားရသဖြင့် ကျောင်းကိုလည်း ပိုင်ခဲ့ပြီ။

ရဟန်းယုတ်သည် နှလုံးအလိုကျ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရ၏။ နောက်တစ်နေ့တွင် ရဟန်းယုတ်သည် ရွာသို့ ဆွမ်းခံဝင်၏။

"မထေရ်နှစ်ပါး ဆွမ်းမကြွဘူးလား"

မထေရ်နှစ်ပါး ပါမလာသဖြင့် ရွာသူရွာသားများက-မေးကြ၏။

"အရှင်ဘုရား၊ မထေရ်ကြီးနှစ်ပါး ဘယ်ကိုကြွသွားပါသနည်း"ဟု မေး၏။

ထိုအခါ ရဟန်းယုတ်က-

"မထေရ်ကြီးနှစ်ပါးသည် တစ်ညလုံး ခိုက်ရန်ငြင်းခုံ စကားဆိုကြ၏။ ငါက အရှင်ဘုရားတို့ ခိုက်ရန်ငြင်းခုံ စကားမဆိုပါနှင့်။ ညီညွတ်ကြပါ၊ ခိုက်ရန်ငြင်းခုံခြင်းသည် အကျိုးမဲ့ဖြစ်တတ်သလို ဆင်းရဲဒုက္ခကို ဖြစ်စေပါသည်။ အကုသိုလ်တရားကို ဖြစ်စေပါသည်။ ရှေ့ကလည်း ဤသို့ ညီညွတ်ခြင်းမရှိ၊ ခိုက်ရန်ဖြစ်သဖြင့် အကျိုးမဲ့သည့်အဖြစ် ရှိခဲ့ပါသည်ဟု ငါဆိုလျှောက်ထားသော်လည်း မရခဲ့ပါ။ ယခု ငါ့စကားကို မနာယူဘဲ ရှောင်ဖယ်ထွက်သွားကြပြီ"





ဟုဆိုလျှင် ရွာသူရွာသားများ စိတ်မကောင်းဖြစ်ရ၏။

ထို့အတူ-

"ဤသို့ဆိုလျှင် မထေရ်ကြီးတို့ ကြွချင်ကြွပါစေ၊ အရှင်ဘုရားသာ တပည့်တော်တို့အား သနားသောအားဖြင့် ဤကျောင်း၌ သီတင်းသုံး၍ တပည့်တော်တို့ အကျိုးစီးပွားအတွက် စောင့်ရှောက်တော်မူပါ"

ဟု လျှောက်တင်၏။

"ကောင်းပါပြီ၊ သင်တို့အား စောင့်ရှောက်ချီးမြှင့်သောအားဖြင့် ငါနေပေးပါမည်"

ဟုဆိုပြီး ရွာသူရွာသားတို့၏ ဆွမ်း ကွမ်း အလှူကိုခံယူပြီး ဤကျောင်း၌ သီတင်းသုံးနေလေတော့သည်။

* * *

သို့သော် ရဟန်းယုတ်သည် ကိုယ်တိုင် အကျင့်သီလမရှိဘဲ လောဘဇောသာ ပြင်းထန်သူဖြစ်သဖြင့် တစ်ဦးတည်း သုံးလေးရက်နေလျှင် စိတ်ထဲ၌ သောကဖြစ်ရ၏။

"ငါက အကျင့်သီလနှင့်ပြည့်စုံသူတို့အား ပြစ်မှားမိပြီ။ ဤကျောင်းအရိပ်အာဝါသကို လိုသဖြင့် မှန်



www.burmeseclassic.com

www.burmeseclassic.com



ကန်းစကားဖြင့် စိတ်ဝမ်းကွဲအောင် ပြုမူမိပြီ။ ငါ၏
ပြုမူချက်များက မကောင်းမှုစစ်စစ် ဖြစ်ချေပြီ”

ဟု တွေးတောမိသောအခါ စိတ်နှလုံးမသာမယာဖြစ်ပြီး စိတ်ဆောင်းကိုယ်ကျေဖြစ်ကာ အိပ်ရာထဲလဲခဲ့၏။

မကြာမီ ထိုရောဂါနှင့်ပင် ကွယ်လွန်အနိစ္စရောက်ခဲ့ရ၏။

## ကုသိုလ်၊ အကုသိုလ်နှင့် အကျိုးအပြစ်

တစ်ခါသော် မိတ်ဆွေ မထေရ်နှစ်ပါးသည် ဇနပုဒ်များဆီသို့ ဒေသာစာရီကြွချီရင်း တစ်ခုသောကျောင်း၌ ပေါင်းဆုံမိကြ၏။

မတွေ့သည်မှာ ကြာပြီဖြစ်သောကြောင့် ပြန်ဆုံရလျှင် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရ၏။ ရှေ့ဟောင်းနှောင်းဖြစ်များအား ပြောရင်း ကုန်းသမားရဟန်း၏ လှီဆယ်စကား အရှုပ်များ ရှင်းလင်းသွား၏။

“ဒါက ကေုန်းစကားယုံခြင်းရဲ့ ရလဒ်ပဲ”

ဟု နားလည်သွားကြသကဲ့သို့ မထေရ်နှစ်ပါး နားလည်ညီညွတ်မှုယူပြီး မူလကျောင်းသို့ ပြန်ကြွလာခဲ့ကြသည်။

ကုန်းစကားဆိုသည့်ရဟန်းကား မရှိတော့။

ရွာသူရွာသားများသည် မထေရ်နှစ်ပါး ပြန်ကြွလာလျှင်





ကောင်းမွန်ဝမ်းမြောက်စွာ ကြိုဆိုပြီး ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းကြ၏။

မထေရ်နှစ်ပါးသည် ဝိပဿနာတရားအား ကောင်းစွာအားထုတ်ပွားများခဲ့သဖြင့် မကြာခင် ရဟန္တာဖြစ်သွားလေသည်။

ချောပစ်ကုန်းစကားဆိုသည့်ရဟန်းသာမူ ကဿပဘုရားရှင်၊ ဂေါတမဘုရားရှင်တို့၏ကြား ငရဲ၌ခံစားရပြီး ဂေါတမဘုရားရှင် ပွင့်တော်မူသောအခါ ရာဇဂြိုဟ်ပြည်အနီး၌ ပုပ်သောခံတွင်းရှိသည့်ပြိတ္တာ ဖြစ်ရ၏။

အရှင်နာရဒမထေရ်သည် ပြိတ္တာပြောသည့်စကားများအား ဘုရားရှင်အား လျှောက်တင်ရာ ဘုရားရှင်က ထိုအကြောင်းအား ရိုသေတိုကို ဟောပြ၏။

လူအပေါင်းတို့သည် တရားနာပြီးနောက် ထိတ်လန့်ခြင်းတရား၊ သံဝေဂတရားများ ရသွားရလေတော့သတည်း။ ။

(ပူတိမုခပေတဝတ္ထု)



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၄ )

# ရွှေအဆင်းနှင့် မရွှေသောပြဿနာ

www.burmeseclassic.com

www.burmeseclassic.com

လူ နတ်သတ္တဝါမှန်သမျှသည်
မိမိပြုသည်
ကုသိုလ်ကံ၊ အကုသိုလ်ကံ အကျိုးအား
မိမိသည်သာ ခံစားရသည်မှာ ဓမ္မတာဖြစ်သည်။



ဤအ[illegible] က 'အရှင်နာရဒ'၏ ကိုယ်တွေ့အဖြစ်အပျက် ဖြစ်ပေကဲ့သို့ အရှင်နာရဒမထေရ်မြတ် ဂိဇ္ဈကုဋ်တောင်တော်၌ သီတင်းသုံးနေသည့်အချိန်က ဖြစ်၏။

"ဒီအဖြစ်က စိုးရွံ့စရာအဖြစ်ပဲ"

ထိုအဖြစ်အပျက်အား မထေရ်မြတ် မမေ့နိုင်။

မထေရ်မြတ် မှတ်မိနေသေး၏။

ထိုနေ့က အရှင်နာရဒမထေရ်မြတ်သည် ဆွမ်းအလို့ငှာ ရာဇဂြိုဟ်မြို့သို့ ရှေးရှုကြွရောက်လာချိန် ဖြစ်၏။ ရာဇဂြိုဟ်ပြည်သို့ ရောက်လုရောက်ခင် မြို့အဝင်တွင်ဖြစ်သည်။

"အား...ဆာလိုက်တာ၊ ဆာလိုက်ဝေ"

ညည်းညည်းညူညူရေရွတ်နေသံကို အရှင်နာရဒမထေရ် ကြားလိုက်သည်။ တည်ငြိမ်စွာလှမ်းလာသည့် ခြေလှမ်းများ ရပ်သွားသည်။ အသံလာရာဆီသို့ ဝေခနဲကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အို...ဘုရား...ဘုရား"

မြို့အဝင်၌ ရွှေရောင်အဆင်းရှိသည့် ခန္ဓာ၊ ဝက်နှုတ်သီး၊ ဝက်ပါးစပ်နှင့်တူသောအသွင်ရှိသည့် သနားစဖွယ် ပြိတ္တာကို တွေ့လိုက်ရ၏။ ထိုပြိတ္တာကိုကြည့်ရသည်က သနားစဖွယ်ကောင်းလှသည်။

ဆာလောင်မွတ်သိပ်နေသည့်အသွင် ရှိ၏။

"အား...ဆာတယ်...ဆာတယ်"

မထေရ်မြတ်သည် ထိုပြိတ္တာသတ္တဝါကို တွေ့လိုက်လျှင် စိတ်ဝင်စားသွား၏။ ပြိတ္တာအနီးသို့ ချဉ်းကပ်သွားသည်။

ထိုပြိတ္တာသည် ဆာလောင်မှုဖြင့် ညည်းညူနေ၏။

မထေရ်သည် ပြိတ္တာအနီးသို့ ရောက်လျှင် ရပ်လိုက်၏။

"အို... ပြိတ္တာ၊ ကိုယ်ရောင်ကိုယ်ဝါက လှပလွန်းတောက်ပြီး မျက်နှာက ညစ်ညစ်ပုပ်ပုပ် စက်ဆုပ်စရာ ဝက်မျက်နှာနဲ့လည်း တူလှ၏။ သင့်ကြည့်ရသည်မှာလည်း အစဉ်အမြဲ ဆာလောင်မွတ်သိပ်နေဟန် ရှိ၏။ သင်သည် ရှေ့ဘဝက မည်ကဲ့သို့သော အကုသိုလ်ကို ပြုခဲ့သနည်း"

ဟု မေး၏။





သည်ခါ ပြိတ္တာက "ကျွန်ုပ်၏အတိတ်ဘဝ မည်သို့ရှိခဲ့သည်ကို ပြောပြပါမည်ဘုရား" ဟု လျှောက်ထားပြီး သူ၏အတိတ်ဘဝ ဇာတ်ကြောင်းကို ပြန်ပြောပြလေသတည်း။

## နှုတ်သီးကြမ်းတမ်း ရဟန်းဘဝ

ကဿပဘုရားရှင်လက်ထက်က ဖြစ်သည်။

အမျိုးကောင်းသားတစ်ဦးသည် သာသနာ့ဘောင်သို့ ဝင်၍ ရဟန်းကျင့်ဝတ်သိက္ခာကို ကောင်းစွာကျင့်သုံး ဆောက်တည်နေ၏။

ဤရဟန်းက အကျင့်သိက္ခာ ပြည့်ရှိသော်လည်း ပတ္တမြားမှန် အနာနှင့်မကင်းဆိုသော စကားနှင့်အညီ ထိုရဟန်းတွင် ဆိုးသောအကျင့်တစ်ခုရှိ၏။

ထိုအကျင့်ကား အခြားမဟုတ်။

ထိုရဟန်းသည် စကားပြောသည့်အခါတွင်လည်း မပြေပြစ်၊ ချိုသာယဉ်ကျေးစွာ ပြောဆိုခြင်းမရှိ။ ဆွေးနွေးပြောဆိုသည့်အခါတွင်လည်း နူးညံ့သိမ်မွေ့စွာ ပြောဆိုခြင်းမရှိ။

ကြမ်းတမ်းစွာဆို၏။

ရင့်သီးသောစကားကို ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကိုယ်တော်ဟာ အကျင့်စရဏအရာမှာ ပြောစရာ မရှိပေမယ့် စကားပြောတဲ့အခါမှာတော့ ကြမ်းတမ်းလွန်းလှတယ်။ နားမခံသာအောင် ပြောတတ်တယ်"

ဟု ပြောသည်။

မှန်သည်။

ထိုရဟန်းကား အစဉ်အမြဲ ကြမ်းတမ်းသည့်စကား အသုံးအနှုန်းများအား တစ်ပါးသူ နားမခံသာအောင် ပြောဆိုတတ်သကဲ့သို့ သူတစ်ပါးကိုလည်း နှိမ့်ချပြောဆို၏။

"ကိုယ်တော်... ဒီလိုမပြောနဲ့လေ၊ ကိုယ်တော့်အပြောအဆိုတွေက ရိုင်းစိုင်းကြမ်းတမ်းလွန်းတယ်"

ဟုပြောလည်း ကျုပ်က မှန်ရာကိုပြောတာ၊ မှန်တာကိုပြောတော့ ခံရခက်မှာပေါ့။ မှန်ရာပြောရင် နားလိုခံခက် အမြစ်ထွက်တာ ဓမ္မတာပဲ" ပြောသည်။

ထိုရဟန်းက အများသံဃာမှ မကြိုက်၍၊ မနှစ်သက်၍ ဤသို့မပြောလျှင် ဤသို့စွပ်စွဲပြောဆိုခြင်းမပြုနှင့်ဟု ပဲပြင်တားမြစ်သော်လည်း သူက အရေးစိုက်ခြင်းမရှိ။

ဂရုစိုက်ခြင်းမပြု။

ဝလုမာပေ



"မှန်တာပြော သစ္စာတဲ့၊ ကျုပ်က မှန်ရာပြောတာမို့ မပြင်နိုင်ဘူး"

ရဟန်းက ကြမ်းတမ်းသောစကားဆိုမြဲ။

သူ၏အကျင့်စရိုက်အတိုင်း ဝစီဆိုးနှင့် ပြောဆိုနှိပ်စက်ခဲ့သည်မှာ သက်တမ်းတစ်လျှောက်လုံးဖြစ်၏။

※ ※ ※

သို့နှင့် ရက်,လတို့ ကြာခဲ့သော်...။

ထိုရဟန်းသည် လူ့ဘဝသက်တမ်း ကုန်ဆုံးလျှင် ကွယ်လွန်အနိစ္စရောက်ခဲ့၏။

ထိုရဟန်းသည် လူ့ဘဝ၌ နှုတ်ဝစီကြမ်းတမ်းစွာ ပြောဆိုမှု၊ စွပ်စွဲမှုအား သက်ထက်ဆုံး ပြောဆိုစွပ်စွဲခဲ့သည်။ အကုသိုလ်အဟုန် ကြီးမားမှုကြောင့် ဂိဇ္ဈကုဋ်တောင်ခြေ၌ ပြိတ္တာဘဝသို့ ရောက်ခဲ့ရသည်။

သို့သော် ထိုရဟန်းသည် ရဟန်းဘဝ၌ ရဟန်းကျင့်ဝတ်ကို ကောင်းစွာကျင့်ဆောင်ခဲ့သဖြင့် သူ့ကိုယ်သည် ရွှေအဆင်းရှိ၏၊ နှုတ်ဝစီကြမ်းခြင်း၊ စွပ်စွဲပြောဆိုတတ်ခြင်း စသည့် အကုသိုလ်အကျိုးကြောင့် နှုတ်ခမ်းထော်ကာ ဝက်နှုတ်ခမ်းပမာ ဖြစ်နေ

ဝလုမာပေ

www.burmeseclassic.com



ဒွာ ၁၉

ခဲ့၏။

ထိုရဟန်းပြိတ္တာသည် ကဿပဘုရားရှင်လက်ထက်မှသည် ဂေါတမဘုရားရှင်လက်ထက်ထိ ဤကဲ့သို့ အရုပ်ဆိုးခြင်း၊ ဆာလောင်မွတ်သိပ်ခြင်းဘဝကို ပြိတ္တာဘဝနှင့် ခံစားရပြီး မကျွတ်မလွတ်သောဘဝ ရှိခဲ့၏။

## ချိုသာယဉ်ပျူငှာ ပြောဆိုပါ

"တပည့်တော်၏ အတိတ်ဘဝက အဖြစ်သည် ဤသို့ဖြစ်ပါသည်ဘုရား"

ဟု ညှိုးငယ်စွာပြော၏။

"အိမ်း...ဒကာ့အဖြစ်က ရင်နာစရာပဲ"

အရှင်နာရဒမထေရ်က တည်ငြိမ်စွာမြွက်ကြား၏။ အရှင်နာရဒ၏ မိန့်ကြားချက်စကားဆုံးလျှင် ပြိတ္တာက–

"အရှင်ဘုရား... တပည့်တော်၏ အဖြစ်ဆိုးက ရင်နာစရာကောင်းသကဲ့သို့ အခြားသောသူများအား မဖြစ်စေလိုပါ။ ထို့ကြောင့် အရှင်ဘုရားအနေနဲ့ နောင်လာနောင်သားများ မခံစားရလေအောင် ပဲ့ပြင်ဆုံးမပေးပါ ဘုရား"





ဟု လျှောက်ထား၏။

အရှင်နာရဒမထေရ်က တည်ငြိမ်စွာဖြင့် ဦးခေါင်းကိုဆတ်လိုက်ပြီး–

"ကောင်းပြီ ဒကာပြိတ္တာ၊ သင့်အဖြစ်က ငါကိုယ်တွေ့ မျက်မြင်ဖြစ်သဖြင့် ရင်နာရသည်။ သင်ကဲ့သို့ ဝစီသရမ်း နှုတ်ကြမ်းသူ မဖြစ်ရလေအောင် ငါ သတိပေး မိန့်ကြားပေးမည်။ လူအများ သင့်ကဲ့သို့ အောက်တန်းကျ ယုတ်မာပြီး စက်ဆုပ်စရာကောင်းသည့် ဝက်နှုတ်ခမ်းနှင့် ပြိတ္တာမျိုး၊ အစဉ်ထာဝရ ဆာလောင်မွတ်သိပ်နေသော ပြိတ္တာမျိုး မဖြစ်ရလေအောင် ငါ သတိပေး ဆုံးမမည်"

ဟု ပြိတ္တာအား ကတိပေးပြီးနောက် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံကြွဝင်ခဲ့သည်။

❀ ❀ ❀

အရှင်နာရဒမထေရ်သည် မွန်းမတည့်မီ ဆွမ်းစား၏။ ဆွမ်းကိစ္စပြီးလျှင် ဘုရားရှင်ထံသို့ ဝင်ရောက်ဖူးမြော်သည်။

ဘုရားရှင်အား ဖူးမြော်ကန်တော့ပြီးလျှင် ဇီဝကကျွံတောင်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ခြေဦး တွေ့ခဲ့ရသည့် ရဟန်းပြိတ္တာအကြောင်းနှင့် ပတ်သက်၍ ဘုရားရှင်အား လျှောက်ထား၏။

ထိုအခါ ဘုရားရှင်က–

"ချစ်သား နာရဒ၊ ချစ်သားနှင့်ဆုံခဲ့ရသည့် ရဟန်းပြိတ္တာအား ရှေ့ဘဝကပင် ငါတွေ့ခဲ့ဖူး၏။ လူနတ်သတ္တဝါ မှန်သမျှသည် မိမိပြုသည့် ကုသိုလ်ကံ အကုသိုလ်ကံအကျိုးအား မိမိသည်သာ ခံစားရသည်မှာ ဓမ္မတာဖြစ်၏။ အခြားသူက ပြုလုပ်နိုင်မည်မဟုတ်" ဟု မိန့်ကြား၏။

ထိုကဲ့သို့ပင် ဘုရားရှင်သည် ညနေခင်း တရားသဘင်၌ ထိုရဟန်းပြိတ္တာအကြောင်းအား၊ တရားနာလာ ပရိသတ်တို့အား ပြန်လည်ဟောကြားခြင်း ပြုခဲ့၏။

သို့နှင့်ပင် ဘုရားရှင်သည် ဝစီဒုစရိုက်ကံ၏ အကျိုးပေးမှု အပြစ်တို့ကိုလည်း ပြောပြဆုံးမခဲ့၏။

များစွာသော ရဟန်းပရိသတ်၊ လူပရိသတ်တို့သည် ထိုရဟန်းပြိတ္တာ၏ အကြောင်းကိုသိ၍လည်းကောင်း၊ ဝစီဒုစရိုက် အကျိုးကို သိ၍လည်းကောင်း၊ အပြစ်ကိုသိ၍လည်းကောင်း ဝစီဒုစရိုက်မှုကို ကြောက်ရွံ့ကြ၏။





ထိတ်လန့်ကြ၏။

"အကုသိုလ်အမှုက ကြောက်စရာကောင်းလှသည်။ ကုသိုလ်အမှုကိုသာ ပြုအံ့" ဟု စိတ်အားထက်သန်စွာ ဆုံးဖြတ်လိုက်ကြသတည်း။

(သုလာရမ္မဓပေတဝတ္ထု)

www.burmeseclassic.com

# အခန်း ( ၅ )

# ရာဇဂြိုဟ်ဂဏ
# တစ္ဆေတို့အကြောင်း ( ၁ )

www.burmeseclassic.com

www.burmeseclassic.com

'မကြာမီ

မင်းကြီး ဆွမ်းအလှူပေးလိမ့်မည်။

ဒီဆွမ်းအလှူကြီးပြီးလို့ အမှုဝေရင်

ငါတို့တစ်တွေ အမှုတွေရကြပြီး

ချမ်းသာကြလိမ့်မယ်။

ဒုက္ခက လွတ်လိမ့်မယ်'



မြတ်စွာဘုရားရှင် ရာဇဂြိုဟ်၌ သီတင်းသုံးနေစဉ် ဗိမ္ဗိသာရ ကြီးသည် ဆွမ်းအလှူကြီး ခြိမ့်ခြိမ့်သဲမျှ ပေးဇလေ၏။

ဗိမ္ဗိသာရမင်းကြီး ဤသို့ ဆွမ်းအလှူကြီးပေးဆိုလျှင် 'ရှေ မျာ:စွာက ဆွေမျိုးတော်စပ်ဖူးသည့် ရစ်သောင်းလေးထောင် သော ဆွေမျိုးတစ္ဆေများ၊ ပြိတ္တာများသည် ဆွမ်းအလှူတော်ကို လင့်နေကြ၏။

"မကြာခင်မှာ မင်းကြီး ဆွမ်းအလှူကြီးပေးလိမ့်မယ်။ ဒီဆွမ်းအလှူကြီး ပြီးလို့ အမှုဝေရင် ငါတို့ တစ်တွေ အမှုတွေရပြီး ချမ်းသာကြလိမ့်မယ်။ ဒုက္ခက လွတ်လိမ့်မယ်"

ဟု စဉ်းစားရင်း မျှော်နေကြ၏။

ဗိမ္ဗိသာရမင်းကြီး ဆွမ်းအလှူပေး၍ အမှုဝေမည့်အချိန်ကို သာငမ်းငမ်းနှင့် မျှော်လင့်နေကြ၏။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အလှူကြီးလုပ်၍ အမျှဝေမည့်အချိန်သို့ရောက်လျှင် ဝိုင်းဝန်း ရောက်လာကြ၏။

သို့တစေ ဗိမ္ဗိသာရမင်းကြီးကမူ ဆွမ်းအလှူပြီးလျှင် ကျောင်း ဆောက်လှူဒါန်းရန် စိတ်ထက်သန်နေသဖြင့် ဆွမ်းအလှူအတွက် အမျှမဝေမိကြပေ။

ထို့ကြောင့် မျှော်လင့်ထားသည့် ဆွေတော်မျိုးတော် တစ္ဆေ တို့သည် အာသာမပြည့်ခဲ့ပြီ"

## ၉၂ ကမ္ဘာအထက်က အဖြစ်အပျက်

ဤကမ္ဘာမှ ရေတွက်သော် ၉၂ ကမ္ဘာအထက်၌ 'ကာသိ ပြည်' ဇယသေနမင်းနှင့် သီရိမာမိဖုရားတို့မှ 'ဖုဿ'မည်သည့် ဘုရားအလောင်းတော်အား ဖွားမြင်ခဲ့၏။

ထို့နောက် ဘုရားအလောင်းသည် သစ္စာလေးပါးကို သိမြင် ၍ ဘုရားရှင်အဖြစ်သို့ ရောက်ရှိခဲ့သည်။

ဇယသေနမင်းကြီးသည် သားတော်ဘုရားအား ကြည်ညို သဒ္ဓါကြီးလွန်းလှ၏။ သို့တွက် ဘုရားရှင်အား ကိုယ်တိုင်သာ ပြုစုလုပ်ကျွေးခဲ့၏။ မည်သူ့ကိုမျှ ပြုစုလုပ်ကျွေးခွင့် မပြုခဲ့ပေ။

ထို ဖုဿဘုရားရှင်တွင် ဖအေတူ မအေကွဲ ညီနောင်သုံးပါး





ရှိ၏။ သူတို့သည်လည်း ဘုရားရှင်အား လုပ်ကျွေးပြုစုလိုသည့် ဆန္ဒရှိ၏။ ခမည်းတော်က တစ်ဦးတည်း ပြုစုလုပ်ကျွေးနေသဖြင့် ပြုစုလုပ်ကျွေးခွင့်ပြုရန် ဆန္ဒပြင်းထန်လျက်ရှိ၏။

ပြုစုလုပ်ကျွေးခွင့် ပြုရန်လည်း ကြံစည်နေကြ၏။

ထိုစဉ် တိုင်းစွန်နယ်ဖျားခွဲ ပုန်ကန်ခြားနားမှုများ ပေါ်ပေါက် ခဲ၏။ ထိုအခါ မင်းကြီးက-

"သားတော်တို့၊ ဤခိုးသူတို့အရေးအား သားတော်တို့ ကိုယ်တိုင် နှိမ်နင်းပါ"

ဟုဆိုကာ ခိုးသူတို့အား နှိမ်နင်းရန် လွှတ်လိုက်၏။

မင်းသားညီနောင်တို့လည်း ဖခမည်းတော်၏ လမ်းညွှန်ချက် အတိုင်း ခိုးသူတို့အား အောင်မြင်စွာနှိမ်နင်းခဲ့၏။ ခိုးသူများ ငြိမ်သက်သွားလျှင် ညီနောင်သုံးပါးတို့သည် နေပြည်တော်သို့ ပြန်လာခဲ့၏။

ရန်ကိုအောင်သဖြင့် မင်းကြီးသည် ကျေနပ်အားရဖြစ်ရ၏။

"ကဲ...သားတော်တို့ အကျိုးဆောင် အောင်မြင်ခဲ့ သဖြင့် လိုရာဆုကို တောင်းလော့"

ဟုဆို၏။ မင်းသားညီနောင်တို့က-

"သားတော်တို့ အခြားဆုကိုမလိုချင်ပါ၊ သား



www.burmeseclassic.com

www.burmeseclassic.com



တော်တို့အား သနားသောအားဖြင့် မြတ်စွာဘုရားအား

လုပ်ကျွေးပြုစုခွင့် ပေးသနားပါ”

ဟု လျှောက်ဆိုကြ၏။

“ဟဲ့...တခြားဆု မလိုချင်ကြဘူးလား”

“မှန်လှပါ၊ သားတော်တို့သည် ဤဆုမှတစ်ပါး

အခြားဆုကို မလိုချင်ပါ”

မင်းကြီးက သက်ပြင်းချပြီး “ကဲ...ဒါဆို သားတော်တ ပိုင်းခြားကန့်သတ် လုပ်ကျွေးခွင့် ငါပြုမည်”ဟုဆို၏။ သားတော် တို့က ဝမ်းမြောက်ဝမ်းသာဖြင့် ဤသို့ဆိုလျှင် ခုနစ်နှစ် လုပ်ကျွေး ပြုစုခွင့်ပြုပါဘုရား”ဟု လျှောက်ထား၏။

“များလွန်းလှသဖြင့် ငါခွင့်မပြုနိုင်”

“ခြောက်နှစ်”

“များလှသေးသည်”

“ငါးနှစ်”

“များသေးသည်”

“လေးနှစ်”

“မပေးနိုင်”

“သုံးနှစ်”





“ဒီလောက်လည်း ငါမပေးနိုင်”

သို့နှင့် နှစ်,နှစ်၊ တစ်နှစ်၊ ခုနစ်နှစ်လ၊ ခြောက်လ၊ ငါးလ၊ လေးလ စသည်ဖြင့် လျှော့၍ ခွင့်တောင်းလာကြရာ နောက်ဆုံးတွင် မင်းကြီးမှ မင်းသားတို့အား သုံးလ ခွင့်ပြုမည်ဟုဆို၏။

မင်းသားတို့သည် ဘုရားရှင်အား လုပ်ကျွေးပြုစုခွင့် လိုလားနေသူများဖြစ်သဖြင့် မင်းကြီးမှ သုံးလသာ ခွင့်ပြုမည်ဆိုသော အခါ သုံးလအား ကျေနပ်လိုက်ကြ၏။

“သုံးလဆိုလည်း မနည်းပါဘူး။ စေတနာ သဒ္ဓါ

ထက်သန်ရင် တစ်ရက်လည်း ကျေနပ်စရာပါပဲ”

ဟု စဉ်းစားကာ ဘုရားရှင်ထံသို့ သွားကြလေသတည်း။

❋ ❋ ❋

မင်းသားတို့သည် ဘုရားရှင်အား လျှောက်ထားရန် လာကြ၏။

ဘုရားရှင်ရှေ့တော်မှောက်သို့ရောက်လျှင်...

“ဘုန်းတော်ကြီးလှစွာသော မြတ်စွာဘုရား...

တပည့်တော်တို့သည် ရှင်တော်ဘုရားအား သုံးလပတ်

လုံး လုပ်ကျွေးပြုစုရန် ခွင့်ရပါပြီဘုရား။ ရှင်တော်



www.burmeseclassic.com

www.burmeseclassic.com



မြတ်ဘုရားသည် တပည့်တော်တို့အား သနားကရုဏာထားသောအားဖြင့် တပည့်တော်တို့ မြို့ရွာများ၌ သုံးလပတ်လုံး သီတင်းသုံးပေးတော်မူပါဘုရား”

ဟု လျှောက်ထားကြရာ ဘုရားရှင်က ဆိတ်ဆိတ်နေခြင်းဖြင့် သည်းခံတော်မူ၏။

ထိုအခါ မင်းသားသုံးပါးသည် ချက်ချင်း မိမိတို့အိမ် မြို့ရွာဇနပုဒ်များသို့ပြန်ကာ အလွန်စိတ်ချယုံကြည်ရသည့် မင်းချင်းယောကျ်ားကို ခေါ်၍–

“မင်းချင်း... သင့်အား အထူးတာဝန်ပေးမည်။ ငါတို့သည် ယခုအခါတွင် ခမည်းတော်ထံမှ ဘုရားရှင်အား ပြုစုလုပ်ကျွေးခွင့် သုံးလရပြီဖြစ်သည့်အတွက် ဘုရားရှင်နှင့် သံဃာတော်များ သီတင်းသုံးရန် ကျောင်းတော်နှင့် ဝါတွင်းသုံးလ ဆွမ်း ကွမ်းကိစ္စကို မောင်မင်း စီစဉ်ပါ”

ဟု အမှာဖွင့်ပြီး လွှတ်၏။

“ကောင်းပါပြီ အရှင်မင်းသားတို့”

ထိုနောက် မင်းချင်းယောကျ်ားသည် ချက်ချင်းပြန်၏။ ဒါနဝတ်ကို စိမ်ရသဖြင့် ကျေနပ်စမ်းမြောက်နေ၏။





မင်းချင်းသည် စေတနာ၊ သဒ္ဓါဖက်၍ အဘက်ဘက်မှ ကိုလေသေးမရှိရလေအောင် ကြိုးစားစွမ်းဆောင်၏။ ထိုအတူ ဇနပုဒ်တွင်နေသည်။ ဆွေမျိုးပေါင်း တစ်သောင်းတစ်ထောင်ကိုသည်း ဦးစီးလုပ်ဆောင်စေ၏။

“ဘာမှ လစ်ဟင်းမှုမရှိစေနဲ့ ကြိုးစားလုပ်ကြ”

ဟု စီစဉ်သလို ကိုယ်တိုင်လည်း မောရမှန်းမသိ၊ ပန်းရမှန်းသိ အလုပ်လုပ်၏။

**မှတ်ချက်။** ။

***ဤသို့ ကြိုးစားလုပ်ဆောင်သည့်အကျိုးကြောင့် ဂေါတမဘုရားရှင်လက်ထက်၌ ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရ ဖြစ်ခဲ့သည်။***

(စာရေးသူ)

**စေတနာထားက အကျိုးရ**

မင်းချင်းယောကျ်ားသည် အရာရာကို ကြိုးစားစီစဉ်သဖြင့် အချိန်အနည်းငယ်အတွင်း ပြည့်စုံခဲ့၏။ ယင်းသို့ အဘက်ဘက်မှ ကိုလေသေးမရှိအောင် ပြည့်စုံလျှင် မင်းသားညီနောင်သုံးယောက်အား အကြောင်းကြား၏။



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကြားချက်ရလျှင် မင်းသားတို့သည် ဖန်ရည်စွန်း သော အဝတ်ကို ဝတ်၏။

သို့နှယ်ပင် မင်းသားတို့၏ နောက်ပါတပည့်တစ်ထောင်တို့ သည်လည်း မင်းသားတို့နှင့်အတူ ဖန်ရည်စွန်းသော အဝတ် ဝတ်ကာ ဘုရားရှင်နှင့် သံဃာတော်များအား ပင့်ဆောင်၍ ဇနပု သို့သွား၏။

ဗုဒ္ဓဘုရားရှင်နှင့် သံဃာတော်တို့သည် ထိုရွာ၌ပင် ဝါက ၏။ ဤသို့ တရားကျင့်ပြီး အားထုတ်ကြသည့် မင်းသားသ ယောက်နှင့် နောက်ပါတစ်ထောင်တို့သည် ဂေါတမဘုရား လက်ထက်တော်၌ ကဿပညီနောင်နှင့် ရှင်တစ်ထောင် ဖြစ် လေသတည်း။

* * *

သို့နှယ်ပင် ဆွမ်းချက် ဆွမ်းကပ် သုံးလပတ်လုံး ချက် ပြုတ်ရေး စီစဉ်ပေးရန်အတွက် ဘဏ္ဍာဆိုး လင်မယားအ တာဝန်ပေးထားရာ ဘဏ္ဍာစိုးလင်မယားသည် စေတနာထက်သ စွာဖြင့် ဘုရားဝတ်၊ သံဃာဝတ်ကို မလစ်ဟင်းရလေအော စီမံဆောင်ရွက်ခဲ့၏။





ထိုဘဏ္ဍာစိုးလင်မယားက ဂေါတမဘုရားရှင်လက်ထက် တော်၌ ဗိမ္ဗိသာရမင်းကြီး၏ အရင်းနှီးဆုံးမိတ်ဆွေ ဝိသာခသူဌေး ကြီးနှင့် သူဌေးကတော်တို့မှာ ဘုရားရှင်၏ ဝိတဒဂ်ဆု ချီးမြှင့် ခြင်းခံရသည့် ဓမ္မဒိန္နာထေရီအရှင်မ ဖြစ်ခဲ့သည်။

* * *

လောက၌ ဖြူစင်သူရှိသကဲ့သို့ စဉ်းလဲသူလည်း ရှိ၏။

ထိုဇနပုဒ်၌ရှိ လူအပေါင်းတို့သည် အချို့က ဖြူစင်စိတ် ရှိပြီး အလှူအတွက် ကူညီခဲ့ကြသလို အချို့က အလှူဝတ်ကို နှောင့်ယှက်ကြ၏။ ထိုသူများ က နှောင့်ယှက်ဖျက်စီးကြ၏။

အလှူအမှုကို အန္တရာယ်ပြုလာကြ၏။

ထိုသူတို့ ဖျက်ဆီးပုံကလည်း မျိုးစုံ၏။

အချို့က ပေါ်ပေါ်တင်တင်ဖျက်ဆီးသလို အချို့က မသိ မသာ လှူဖွယ်ဝတ္ထု ဘောဇဉ်အရသာ ဆွမ်းထမင်း စသည်တို့ အား ဘုရားရှင်နှင့် သံဃာတော်များအား မဆက်ကပ်ရသေးခင် ယူငင်စားသောက်ကြ၏။

သံဃဒါနလှူဖွယ်အမည်တို့အား မိမိတို့ ဦးဦးဖျားဖျား ယူငင် စားသောက်ကြရုံမက သားသမီး သားမယားတို့အား စားသောက်



www.burmeseclassic.com

www.burmeseclassic.com



စေ၏။

"ဒီလိုမလုပ်နဲ့လေ၊ ဒါ မလုပ်သင့်ဘူး"

ဟု တားမြစ်လျှင် "ဘာဖြစ်လဲ၊ လုပ်ချင်လို့လုပ်တာ၊ လုပ်မယ်"ဟု ပြောပြီး ရန်သတ္တုပြု၏။ ဆွမ်းစားဇရပ်ကို မီးတိုက်ကြ၏။

"ဒီလိုမလုပ်နဲ့လေ၊ မလုပ်နဲ့"

"မီးအမြန်သတ်၊ သတ်ကြ"

မင်းချင်းယောကျ်ားနှင့် ဘဏ္ဍာစိုးဇနီးမောင်နှံတို့က အနှောင့်အယှက် အပျက်အစီးများအား တွန်းလှန်ခြေဖျက်ပြီး ဝါတွင်းသုံးလပတ်လုံး ဆွမ်းကိစ္စ မလစ်ဟင်းရအောင် အဘက်ဘက်မှ ကာကွယ်စီမံခဲ့၏။

ထို့ကြောင့် မင်းသားသုံးပါးသည် ဝါတွင်း သုံးလလုံး ကောင်းမွန်စိတ်အေးစွာ ဘုရားရှင်နှင့် သံဃာတော်များအား လုပ်ကျွေးပြုစုနိုင်ခဲ့၏။

ဝါတွင်းသုံးလ ပြည့်ခဲ့ပြီ။

သို့နှင့် ဝါလကင်းလွတ် သတင်းကျွတ်၍ 'ပဝါရဏာ'ပြုပြီးသော် မင်းသားတို့သည် ဘုရားရှင်နှင့် သံဃာတော်များအား





ပူဇော်သက္ကာယပြုပြီးနောက် ခမည်းတော်မင်းကြီးထံ ပြန်ခဲ့ကြသတည်း။

## ကုသိုလ်၊ အကုသိုလ် အကျိုးဆက်များ

ဤသို့ဖြင့် ကာလကြာသော်–

ဖုဿဘုရားရှင်သည် ဇရာမရဏာသဘောအရ ပရိနိဗ္ဗာန်စံဝင်၏။

မင်းနှင့်တကွ လူအပေါင်းတို့သည်လည်း သက်တမ်းအရ နေထိုင်ကြပြီး ကုသိုလ်ပြုသူက ကုသိုလ်ကံအားလျော်စွာ နတ်ပြည်ရောက်ကြပြီး အကုသိုလ်ပြုသူများက အကုသိုလ်အားလျော်စွာ ငရဲသို့ လားကြလေ၏။

သို့ဖြင့် နတ်ပြည်တစ်ခုပြီးတစ်ခု ခံစားသူခံစား၊ ငရဲတစ်ခုပြီးတစ်ခု ပြောင်းရွှေ့ခံစားသူခံစားနှင့် ၉၂ ကမ္ဘာလွန်၍ ဘဒ္ဒကမ္ဘာ၌ ကဿပဘုရားရှင်လက်ထက်တော်သို့ရောက်လျှင် ငရဲသားအချို့သည် ငရဲသားအဖြစ်မှလွတ်ပြီး ပြိတ္တာဘဝသို့ ရောက်ရှိခံစားရပြန်၏။

လူတို့သည် မိမိ၏ဆွေမျိုး၊ ပြိတ္တာတို့၏ အကျိုးစီးပွားအလို့ငှာ အလှူဒါနများ ပေးလှူပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဤအလှူဒါန၏အကျိုးသည် ငါ၏ဆွေမျိုးများ
အား ရကြပါစေသတည်း"

ဟု ရည်မှန်းကာ လှူဒါန်းပေးကမ်းကြရာ သက်ဆိုင်ရာ ပြိတ္တာတို့သည် စည်းစိမ်ချမ်းသာကို ရရှိခံစားရ၏။

သို့သော် အချို့က "ဤသို့ မိမိတို့အတွက် ကုသိုလ်ဒါန ပြုပေးလျှင် စည်းစိမ်ချမ်းသာရနိုင်သည်ကို သိသော်လည်း မည်သူ့ကိုမှုလည်း မပြောနိုင်၊ မည်သူကမျှလည်း အမျှပေးဝေ မပေးသဖြင့် ဒုက္ခရောက်နေကြရ၏။

သည်အခါ ဒုက္ခဆင်းရဲရောက်နေရသည့် ပြိတ္တာတို့သည် ကဿပဘုရားရှင်ထံသို့ဝင်ပြီး-

"အရှင်ဘုရား၊ တပည့်တော်တို့၏ ဆင်းရဲဒုက္ခကြီးလှ၏။ တပည့်တော်တို့သည် စည်းစိမ်ချမ်းသာကို လိုလားကြ၏။ တပည့်တော်တို့ စည်းစိမ်ချမ်းသာကို ရနိုင်ပါ၏လောဘုရား"

ဟု လျှောက်ထား၏။

ကဿပဘုရားရှင်က-

"ယခု ငါဘုရားရှင်၏ လက်ထက်တော်၌ ရနိုင်မည် မဟုတ်။ နှောင်းသောအခါ ဤဘဒ္ဒကမ္ဘာ၌





ဂေါတမဘုရားရှင်သည် ပွင့်လာပြီးလျှင် ထိုဘုရားရှင်လက်ထက်၌ ဗိမ္ဗိသာရမည်သော မင်းသည် ဖြစ်လာလတ္တံ့။ ထိုမင်းသည် သင်တို့အား အမျှအတန်းပေးဝေလတ္တံ့။

ထိုမင်းက သင်တို့နှင့် ဆွေမျိုးတော်စပ်ဖူးသူဖြစ်၏။ ထိုအခါ သင်တို့ ချမ်းသာရအံ့"

ဟု ကဿပဘုရားရှင်က မြွက်ကြား၏။

သည်အခါ ပြိတ္တာတို့သည် ဝမ်းမြောက်ဝမ်းသာ ခံစားရ၏။

"ဒါဟာ ဝမ်းမြောက်စရာပဲ၊ ငါတို့ ဒီမင်းကို မျှော်ရမယ်"

ဟု ဆိုကြ၏။

ပြိတ္တာတို့သည် မနက်ဖြန် သန်ဘက်ခါတွင် ဖြစ်မည်ကဲ့သို့ ...ားရပြီး ဝမ်းမြောက်ဝမ်းသာ မျှော်လင့်စောင့်စားကြ၏။

သို့နှင့်...

ကဿပဘုရားရှင်လက်ထက်မှ ဂေါတမဘုရားရှင် လက်ထက်၏ ကြားကာလ လွန်မြောက်သော်-

ဤဘဒ္ဒကမ္ဘာ၌ 'ဂေါတမ'ဘုရားရှင်သည် ပွင့်ခဲ့ပြီ။

သည်အခါ-



www.burmeseclassic.com

www.burmeseclassic.com



ဖုသသဘုရားရှင်၏ ညီတော် မင်းသားသုံးယောက်နှင့် အခြွေအရံ တစ်ထောင်တို့သည် နတ်ပြည်မှစုတေပြီးသကာလ မာဂဓတိုင်း၌ ပုဏ္ဏားမျိုးဖြစ်၏။ ဂဟာသိသအရပ်၌ ရဟန်းပြုကြရာ "ကဿပညီနောင်၊ ရှင်တစ်ထောင်"ဟု ကျော်ကြားခဲ့၏။

မင်းချင်းယောကျ်ားက 'ဗိမ္ဗိသာရမင်းကြီး"ဖြစ်၏။

ဘဏ္ဍာစိုးသူကြွယ်က 'ဝိသာခသူဌေး'ဖြစ်၏။

ဘဏ္ဍာစိုး၏ မယားသည် 'ဓမ္မဒိန္နာ'မည်သော သူဌေးသမီးဖြစ်ရလေသတည်း။

(တိရောကုဋ္ဋပေတဝတ္ထု)

◆



အခန်း ( ၆ )

# ရာဇဂြိုဟ်က
# တစ္ဆေတို့အကြောင်း ( ၂ )

www.burmeseclassic.com

မင်းကြီး အလှူကြီးပေးပြီး
ဘာလို့ အမျှမပေးတာလဲ
တို့ အမျှကိုမျှော်လင့်နေတာ
မသိဘူးလား...



“ဟော...ရှာဇကြိုဟ်မှာ ဗိမ္ဗိသာရမင်းကြီး ဒုပ်စိုး ခဲ့ပြီး သူက ငါတို့ရဲ့ဆွေမျိုးဖြစ်သလို သူ့က ပေးလှူ ဒါနပြုရင် ငါတို့ ချမ်းသာရပြီ”

ပြိတ္တာတို့သည် ကျေနပ်ဝမ်းမြောက်နေ၏။

ထိုအတူ ပြိတ္တာတို့သည် ဗိမ္ဗိသာရမင်းကြီး၏ နန်းတော်အားလည်း ဆွေမျိုးအိမ်ဟု သဘောထားကာ ဝင်ထွက်သွားလာလျက် သာဓုခေါ်နိုင်ရန် စောင့်စားနေကြ၏။

ယခု ဗိမ္ဗိသာရမင်းကြီး အလှူပေးပြီ။

သို့သော် ဗိမ္ဗိသာရမင်းကြီးသည် အလှူဒါနပေးခဲ့သော်လည်း ထိုအလှူအား သူတို့အတွက် ရည်ရွယ်ခြင်းမရှိသလို အမျှမပေးသဖြင့် မရခဲ့ကြ။

သည်အခါ ပြိတ္တာတို့သည် ခဲလေသမျှ သဲရေကျဖြစ်ကာ အားသောက ခံစားရပြန်၏။

ခလုဏာမေ

www.burmeseclassic.com



"မင်းကြီး အလှူကြီးပေးပြီး ဘာကြောင့် ငါတို့ကို အမျှမပေးတာလဲ။ တို့ အမျှကို မျှော်လင့်နေတာ မသိဘူးလား"

ဟု စဉ်းစားကြ၏။

"မင်းကြီး ငါတို့ကို မေ့နေသလား။ ဒါဆို ငါတို့ သတိပေးမှ ဖြစ်တော့မယ်"

ဟု ဆုံးဖြတ်ကြပြီ။

※ ※ ※

ည, အကာလည။

ဗိမ္ဗိသာရမင်းကြီး သလွန်ညောင်စောင်းတွင် လျောင်းစက်နေချိန် စက်တော်ခေါ် ပျော်လုချိန်။

"အို"

"အီ"

"အူ"

ကြောက်မက်ဖွယ်အသံများက ကမ္ဘာပျက်သကဲ့သို့ ပေါ်လာ၏။ ကျယ်လောင်စွာပေါ်ထွက်လာသည့် အသံကြောင့် ဗိမ္ဗိသာရမင်းကြီး လျောင်းစက်ရာမှ နိုးထလာ၏။





"အို...ဘာသံတွေလဲ"

"ဘာသံတွေလဲ"

"ဘာသံတွေလဲ"

ဗိမ္ဗိသာရမင်းကြီး စဉ်းစားသည်။ အဖြေမရ။ သို့တစေ... ဗိမ္ဗိသာရမင်းကြီး၏ ရင်တွင်း၌ ကြောက်ရွံ့ခြင်း၊ ထိတ်လန့်ခြင်း၊ တုန်လှုပ်ခြင်း စသည့်တို့အား ခံစားရ၏။

"ဒီအသံဟာ ထူးခြားတယ်။ အကြောင်းမဲ့ ပေါ်လာတာလည်း မဟုတ်နိုင်ဘူး။ ဒါဟာ ဘယ်လိုနိမိတ်အကြောင်း ဆိုတာကို ငါ ဘုရားရှင်ကို လျှောက်တင်ကြည့်မှဖြစ်မယ်"

ဟု စဉ်းစား၏။

ဗိမ္ဗိသာရမင်းကြီးသည် စက်တော်ခေါ်၍လည်း မပျော်တော့။ နံနက်မိုးသောက် အလင်းရောက်ရန်သာ စိတ်စောနေမိ၏။ သို့ဖြင့် နံနက်မိုးသောက် အလင်းရောက်လျှင် ဗိမ္ဗိသာရမင်းကြီးသည် အာရုဏ်ကို မျက်နှာမူရင်း ဘုရားရှင်ထံသို့ အဖူးဝင်၏။

ဘုရားရှင်ရှေ့မှောက်သို့ ရောက်လျှင်–

"အရှင်ဘုရား၊ တပည့်တော်သည် ညအခါက ကြောက်မက်ဖွယ်ရာကောင်းလှသည့် အသံများကို



www.burmeseclassic.com

www.burmeseclassic.com



ကြားရပါသည်။ ထိုအသံသည် မည်သို့သောသဘော ကြောင့် ဖြစ်လာသနည်း။ တပည့်တော်အတွက် မည်သို့ ဖြစ်နိုင်ပါသနည်း အရှင်ဘုရား"

ဟု မေးလျှောက်၏။

ထိုအခါ ဘုရားရှင်က တည်ငြိမ်သောလေသံဖြင့်-

"အရှင်မင်းကြီး... ဤအသံနှင့် ပတ်သက်၍ မစိုးရိမ်လင့်၊ မကြောက်လင့်။ ဤအသံသည် အရှင် မင်းကြီးအတွက် တစ်စုံတစ်ခုသော မကောင်းကျိုးကို မဖြစ်စေနိုင်။ ထိုအသံသည် သင်၏ဆွေမျိုးတွင်းမှ ပြိတ္တာ ဖြစ်နေသူများ၏ ကြားကာလ စောင့်စားသည်းခံသည် ဖြစ်၏။ ထိုဆွေမျိုးပြိတ္တာတို့က ဘုရားရှင်တို့၏ ကြား ကာလပတ်လုံး အသင်မင်းကြီးအား မျှော်လင့်စောင့်စား နေကြ၏။ မင်းကြီးသည် ငါဘုရားအား အလှူပေးပြီး အမျှပေးဝေလတ္တံ့ဟု မျှော်လင့်နေကြခြင်းဖြစ်၏။

အရှင်မင်းကြီး... အသင်သည် ယမန်နေ့က အလှူပေးခဲ့သော်လည်း သူတို့အားရည်မှန်းကာ အမျှ အတန်း မပေးဝေခဲ့သဖြင့် ပြိတ္တာတို့အဖို့ အာသာဆန္ဒ ရှိသဖြင့် ဤသို့ ကြောက်မက်ဖွယ်ရာ အော်သံ ကြ





ခြင်း ဖြစ်ပေသည် ဒကာ"

ဟု ဘုရားရှင်မှ မြွက်ကြားလျှင် ဗိမ္ဗိသာရမင်းကြီး စိတ်အေး သွား၏။ မင်းကြီးသည် ဘုရားရှင်အား လက်ဆယ်ဖြာဦးထိပ် မိုး၍...

"အရှင်ဘုရား...ယခု တပည့်တော်၏ အလှူပေး၍ အမျှဝေလျှင် ထိုပြိတ္တာတို့ ရနိုင်ပါသည်လားဘုရား"

ဟု လျှောက်၏။

"မင်းကြီး... သူတို့အား ရည်စူးလှူလျှင် ရနိုင် သည်"

"အရှင်ဘုရား... ဤသို့ဆိုလျှင် ယခုပင် တပည့် တော်၏ အလှူအား ခံယူပါဘုရား"

ဘုရားရှင်သည် ဆိတ်ဆိတ်နေကာ သည်းခံ၏။

ထိုနောက် ဗိမ္ဗိသာရမင်းကြီးသည် ဘုရားရှင်အား ဝတ်ပြည့် ဦးချပြီး သကာလ နန်းတော်သို့ပြန်၏။ ကြီးစွာသော အလှူကြီး တစ်ခုကို စီစဉ်၏။

**အမျှပေးတော ရကြ၏...**

"ဒီနေ့တော့ ငါတို့ အမျှရကြတော့မည်"



www.burmeseclassic.com

www.burmeseclassic.com



ပြိတ္တာတို့သည် ကျေနပ်ရွှင်ပျနေ၏။

နံ့ရုံတစ်ဖက်မှရပ်တည်ကာ အမှျပေးဝေသံကို မျှော်လင့်နေကြ၏။

ဘုရားရှင်သည် အရာရာသိမြင်နေသကဲ့သို့ ပြိတ္တာတို့၏ဘဝအား ဗိမ္ဗိသာရမင်းကြီး မြင်တွေ့စေရန် ဖန်ဆင်းပြ၏။

မင်းကြီးသည် နှလုံးစိတ်ဝမ်း မချမ်းမသာဖြစ်သွားရ၏။

ထိုအခါ မင်းကြီးသည် ချက်ချင်းပင် မြတ်သောအမှုကို ရေစက်သွန်းချ အမှျပေးဝေ၏။

"ဤကောင်းမှုအစုစုသည် ငါ၏ ဆွေတော်မျိုးတော်တို့အား ရည်စူးသော အလှူဖြစ်၏။ ငါ့အဆွေအမျိုးတို့သည် ဤဒါနကုသိုလ်အစုစုတို့အား ငါနှင့်အတူတကွ အမှျရကြစေသတည်း"

ယင်းသို့ အမှျပေးဝေပြီးနောက်–

တစ်ခဏအတွင်း၌ ကြာရိုး ကြာစွယ်တို့နှင့် ပြည့်သောရေကန်ကြီးသည် ရုတ်ခြည်းပေါ်ပြီးလျှင် အချို့က ရေချိုးကြ၏။ အချို့က သောက်သုံးကြ၏။

သည်အခါ ပြိတ္တာတို့သည် ပူလောင်ခြင်း၊ ပင်ပန်းခြင်း၊ မွတ်သိပ်ခြင်းတို့ ကင်းသွားကြ၏။





ခန္ဓာကိုယ်သည်လည်း ရွှေအဆင်းကဲ့သို့ရှိကုန်၏။

သည်အခါ ဗိမ္ဗိသာရမင်းကြီး၏ စိတ်တွင်း၌ ကြည်နူးရွှင်ပျခြင်း ဖြစ်ခဲ့ပြီးနောက် ယာဂု ခဲဖွယ်တို့အား ပေးလှူကာ အမှျပေးဝေပြန်၏။

ထိုခဏ၌ ပြိတ္တာတို့အား နက်ပြည်၌ဖြစ်သော ယာဂုခဲဖွယ်ဘောဇဉ်တို့ဖြစ်ခဲ့ပြီး စားသောက်ရသကဲ့သို့ တင့်တယ်ပြည့်ဖြိုးသည့် ခန္ဓာကိုယ်လည်း ရှိလာ၏။

သည်အခါ ဗိမ္ဗိသာရမင်းကြီးသည် တစ်ခါထပ်၍ အဝတ်ပုဆိုးနှင့် အိမ်ရာနေရာတို့နှင့် ထပ်မံလှူဒါန်းပြီး အမှျပေးဝေပြန်၏။

ထိုအခါ နတ်ပြည်မှဖြစ်သည့် အဝတ်တန်ဆာ နေရာ ဘုံဗိမာန် ပြာသာဒ်တို့ ပေါ်လာပြီး ခံစားရပြန်၏။

ထို့အတူ ဘုရားရှင်က ဗိမ္ဗိသာရမင်းကြီးအား ပြိတ္တာတို့၏ဘဝ၊ အစားအစာ၊ အဝတ်အစား၊ ဘုံဗိမာန်နှင့်တကွ ခန္ဓာကိုယ်တင့်တယ်လှပနေပုံအား အဓိဋ္ဌာန်ပြု၍ မင်းကြီးအား ပြပြန်၏။

ဗိမ္ဗိသာရမင်းကြီးသည် ဆွေမျိုးပြိတ္တာတို့ ဒုက္ခကင်းဝေးပြီး အလုံးစုံသော စည်းစိမ်ချမ်းသာ အဖြာဖြာတို့ ခံစားရပုံအား မြင်ရလျှင် လွန်စွာ ဝမ်းမြောက်ဝမ်းသာ ခံစားခဲ့ရလေသတည်း။

(တိရောကုဋ္ဋပေတဝတ္ထု)

www.burmeseclassic.com

အခန်း ( ၇ )

# ဘုရားရှင်ဟောကြားသည့် တစ္ဆေပြိတ္တာတို့အကြောင်း

www.burmeseclassic.com

www.burmeseclassic.com

လူ့ဘုံ လူ့လောကမှ
စွန့်ကြဲ ပေးကမ်း၊ အမှုအတန်းဝေမှ
သာလျှင် ပြိတ္တာဘုံမှ ပြိတ္တာတို့
ပြည့်စုံစွာခံစားရ၏။



ဘုရားရှင်သည် ဗိမ္ဗိသာရမင်းကြီး ကပ်လှူသည့်ဆွမ်းကို ဘုဉ်းပေး၏။ ထို့နောက် ဗိမ္ဗိသာရမင်းကြီးအား ဆွမ်းအနုမောဒနာ ပြုခြင်းငှာ ဘုရားရှင်သည် နံ့ရံတစ်ဖက်ကြားတွင် စောင့်ဆိုင်းနေကြသည်။ မင်းကြီး၏ ဆွေတော်မျိုးတော် တစ္ဆေပြိတ္တာတို့ အကြောင်းအား ဟောပြလေ၏။

"ဒါယကာမင်းမြတ်...သင်မင်းကြီး ဘဝ ဘဝ က ဆွေမျိုးတော်စပ်ဖူးသည့် ပြိတ္တာတို့သည် သင်မင်းကြီး၏ နန်းတော်သို့ ဒီအိမ်က မိမိအိမ်၊ ဆွေမျိုးအိမ်ဟု အမှတ်ထားကာ လာရောက်ကြပြီး ထိုတံတိုင်း အပြင်ဘက်တို့မှလည်းကောင်း၊ ခြံစပ် လမ်းဆုံလမ်းခွ မြို့တော် နန်းတော်၏ တံခါး၊ လက်တား၊ လက်ရုံး တိုင်တို့၌လည်းကောင်း ရပ်တည်နေကြကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါယကာအရှင်မင်းမြတ် ... များစွာသော ထမင်းအဈော် ခဲဖွယ်သောဇဉ်တို့အား စီရင်ပြုလုပ်၍ လှူဒါန်းသည်မှာ မှန်သော်လည်း ကိုယ်တိုင် ရှေ့ဘဝက ပြုလုပ်ခဲ့သည့် အကုသိုလ်ကံ တားမြစ်မှုကြောင့် ထိုပြိတ္တာတို့၏ မိဘဆွေမျိုး သားသမီးတို့ကလည်း ထိုသူတို့အတွက် အလှူဒါနပြု၍ အမျှပေးဝေရန် သတိမရကြပေ။

ဒါယကာ အရှင်မင်းမြတ်... သားသမီး စသောသူတို့သည် ဘဝတစ်ပါးသို့ ရောက်ရှိနေသည့် မိဘစသည့် ဆွေမျိုး ပြိတ္တာတို့အား ချမ်းသာကောင်းကျိုးတိုးပွားစေရန်အတွက် သနားစောင့်ရှောက်တတ်ကြ၏။ ထိုသို့ စောင့်ရှောက်တတ်သည့်- သားသမီးတို့သည် သင့်မြတ်သောအခါ၌ ခဲဖွယ်တို့အား ချမ်းသာကောင်းကျိုး တိုးပွားစေရန် ရည်သန်၍ အလှူဒါနပြုကြပေသည်။ ထိုသို့ပြုမှုကြသောကြောင့် ဘဝတစ်မျိုးသို့ ရောက်နေကြသော မိဘ စသည့် ပြိတ္တာတို့အား စောင့်ရှောက်ရန် ရောက်၏။

ဒါယကာမင်းမြတ်... မိမိတို့၏ မိဘဆွေမျိုး





ပြိတ္တာတို့အတွက် အလှူဒါနပြု လှူဒါန်းပေးကမ်းရာ၌ 'ဤသို့ပြုသည့် ကုသိုလ်မျိုးသည် ဆွေမျိုးမိဘတို့အား ရကြပါစေ၊ ချမ်းသာမှုကို ဖြစ်ပါစေ' ဟု ရည်မှန်း၍ အလှူဒါနပြုမှသာလျှင် ထိုသူတို့ ခံစားကြရ၏။ ယခုသင်၏ ဆွေမျိုး ပြိတ္တာတို့သည် သင်လှူဒါန်းရာသို့ ရောက်လာကြပြီး သင်လှူဒါန်းသည့်အလှူကို ကောင်းစွာ ရရှိခဲ့ပေပြီ"

"ဒါယကာမင်းမြတ်၊ ယခုလို အမျှအတန်း ရကြသည့် သင့်ဆွေမျိုး ပြိတ္တာတို့သည် ယခုအခါတွင် နတ်စည်းစိမ်ကို ခံစားနေရပေပြီ။ ရောဂါဘယကင်း၍ ခန္ဓာကိုယ် ကြည်လင်သန့်ရှင်းနေပေပြီ။ နတ်စည်းစိမ်ကို သင်ပေးသော ကောင်းမှုကြောင့် သူတို့ခံစားနေကြရပြီ အရှင်မင်းမြတ်"

* * *

## အမျှမရနိုင်ကြသူများ

အမျှမရကြသောသူဘုံတွင် မည်သူတို့ပါဝင်သည်ကို ဘုရားရှင် ဟောကြားသည့် တရားတော်၌ ပါဝင်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ယင်းတို့နှင့်ပတ်သက်၍ ဘုရားရှင်ဟောသည်ကား...

"ဒါယကာမင်းမြတ်... ဤသို့ အလှူဒါနပေးကြသည် မှန်သော်လည်း ငရဲသို့ရောက်ရှိနေသော သူတို့သည်လည်းကောင်း၊ တိရစ္ဆာန်ဘဝသို့ ရောက်နေကြသူများသည်လည်းကောင်း၊ အလှူဒါနနှင့် အမျှပေးဝေခြင်းအား ပြိတ္တာတစ္ဆေဘဝသို့ ရောက်နေသူများသာ ခံစားရပေသည်။

ဒါယကာမင်းမြတ်...ပြိတ္တာတို့ဘုံ၌ လယ်ထွန်ခြင်း၊ ကုန်သွယ်ခြင်းသည် ဥစ္စာရကြောင်းအမှုကို ပြုကြသည်မရှိ။ သူတို့က လူ့ပြည်မှ ပေးဝေသည့် ကုသိုလ်အဖို့ကိုသာ ခံစားကြရ၏။

ဒါယကာမင်းမြတ်...မှတ်လော့။ ဥပမာအားဖြင့် ကြည့်၊ ကုန်းတောင်စောင်းလောက်မြင့်မောက်သည့် နေရာမှ ရေတို့သည် မြင့်ရာမှ နိမ့်ရာ အိုင် ချောင်းသို့ စီးဆင်းပြီး ပြည့်သကဲ့သို့ ချမ်းသာသုခပြည့်စုံသည့် လူ့ဘုံ လူ့လောကမှ စွန့်ကြဲပေးကမ်း အမျှအတန်းဝေမှသာလျှင် ပြိတ္တာဘုံရှိ ပြိတ္တာတို့ ပြည့်စုံစွာခံစားရ၏။

"ဒါယကာမင်းမြတ်... ပြိတ္တာတို့သည် လူ့ပြည်၌





ရှိကြသော ဆွေမျိုးတော်စပ်သူများထံမှ တစ်စုံတစ်ခုကို ရကြကုန်အံ့ဟု လိုအင်ဆန္ဒ တောင့်တခြင်း ရှိသည်ဖြစ်၍ ဆွေမျိုးတော်စပ်သူတို့ထံ လာရောက်၍ ဤမည်သော လှူဖွယ်ဝတ္ထု ပစ္စည်းအစုစုအား ငါတို့အား ပေးကြကုန်လော့ဟု တောင်း ရမ်းခြင်းငှာလည်း မစွမ်းကြပါ။ ထို့ကြောင့် ဒကာမင်းမြတ် ထိုပြိတ္တာတို့တွင် သင့်သောအလှူဒါနကို လူ့ပြည်မှ လူများအနေနှင့် သတိထားပြီး လှူဒါန်းမှုပြုလုပ်ပေးသင့်ပေသည်။ အရှင်မင်းမြတ်"

❊ ❊ ❊

## ရည်မှန်းလှူဒါန်းကြ ငိုကြွေးနေက အကျိုးမရ

"ဒကာတော်မင်းမြတ်... ဤသူသည် ငါ့အား ပေးကမ်းဖူးသည်။ ဤသူသည် ငါ၏ကိစ္စအဝဝအား ဆောင်ရွက် ပြုလုပ်ခဲ့ဖူးသည်။ ဤသို့ ရှေးကပြုဖူးသည့် ကျေးဇူးအား အစဉ်အောက်မေ့ သတိရလျှင် ပြိတ္တာတို့အား လှူဒါန်းပေးကမ်းသင့်သည်"



www.burmeseclassic.com

www.burmeseclassic.com



“ဒကာတော်မင်းမြတ်… အကြင်သူတို့အား တစ်စုံတစ်ယောက်သောသူ သေဆုံး၍ ပူဆွေးငိုကြွေး နေခြင်းသည် အကျိုးမရှိ။ ထိုသူအတွက် မည်သို့မျှ အကျိုးမရ။ မိမိကိုယ် မိမိ ပင်ပန်းနွမ်းနယ်အောင် ပြုရခြင်းအကျိုးသာ ရမည်။ ထိုသို့ ငိုကြွေးခြင်းသည် သေသူတို့အတွက်အကျိုးမရ။ အကျိုးလည်းမခံစားရ”

“ကုသိုလ်ပြု၊ ကုသိုလ်အဖို့ဘာဂ အမျှပေးဝေ ခြင်းသည် ထိုသူတို့အတွက် အကျိုးလည်းများသည် တည်း”

ဟု ဟောကြားတော်မူလေသည်။

ထိုအခါ မင်းကြီးက…

“ဘုန်းတော်ကြီးသည့် အရှင်ဘုရား၊ အကယ်၍ ဆွေမျိုးပြိတ္တာတို့ မရှိသည်ရှိသော် ထိုသို့ပြုသည့် အလှူဒါန အဖို့ဘာဂကို မည်သူရသနည်း။ အကျိုးမဲ့ ဖြစ်လေသလော”

ဟု မေးလျှောက်၏။

ထိုအခါ ဘုရားရှင်က…

“ဒကာတော်မင်းမြတ်… ဤဘဒ္ဒကမ္ဘာ၌ တစ်ဦး





နှင့် တစ်ဦး ကင်းသည်မရှိ။ ဆွေမျိုးတော်စပ်သည့် ပြိတ္တာတို့သည် မရှိ။ အကယ်၍ ဆွေမျိုးတော်စပ်သူ သည် ပြိတ္တာတို့ မလာရောက်နိုင်သော် ရောက်လာ သည့် ပြိတ္တာ၊ ရှိနေသည့် ပြိတ္တာတို့သည် သာဓုခေါ် နိုင်၏။ သာဓုခေါ်ခွင့်ရသူသည် အကျိုးရ၏”

“ဒါယကာမင်းမြတ်… ဤလောကသံသရာ၌ သံသရာလည်ရခြင်း များစွာရှိသဖြင့် ဆွေမျိုးကင်းသူ၊ ဆွေမျိုးမတော်စပ်ဖူးသူသည် မရှိ”

ထို့အတူ ဘုရားရှင်က ထိုထိုသော ပြိတ္တာတို့အား ပေးလှူသဖြင့် နှစ်ဦးနှစ်ဖက် အကျိုးသက်ရောက်ပုံအား ဟောတော်မူပြန်၏။

“ဒကာမင်းမြတ်…သင်သည် ပြိတ္တာတို့အတွက် အလှူပေးခဲ့သဖြင့် အမျှရကြသော ပြိတ္တာတို့သည် နတ်ဝတ်တန်ဆာ အစားအစာ၊ ဘုံဗိမာန်ကို ရခဲ့ပြီး သင်သည်လည်း ရဟန်းတို့၏ ခွန်အားဗလ အလှူ ပေးလှူရာရောက်၏။ ဤအလှူသည် စွန့်ကြဲခြင်း စေတနာကိုဖြစ်စေသဖြင့် အတိုင်းမသိသော ကောင်းမှု ကို ဆည်းပူးပြီးသားဖြစ်သွားလေပြီ။ အသက်ရှည်ခြင်း၊



www.burmeseclassic.com

www.burmeseclassic.com



အဆင်းလှခြင်း၊ ခွန်အားကြီးခြင်း စသည် ဆွမ်းအလှူ လှူခြင်းအကျိုးကိုလည်း ခံစားပြီးသားဖြစ်လေသည် ဒကာ”

ဟု ဟောကြားလေ၏။

ဘုရားရှင်၏ ဟောပြောဆုံးမသည့် တရားဒေသနာကို နာကြားရသဖြင့် ဗိမ္ဗိသာရမင်းကြီးသည် လွန်စွာအားရကျေနပ်တော်မူ၍ ဘုရားရှင်အား ဆောက်ထမ်းပိုးတိုးကာ သဒ္ဓါဖြစ်ခဲ့၏။ ဝေဠုဝန်ကျောင်းတော်ကြီးအားလည်း အမြန်ဆုံး တည်ဆောက် လှူဒါန်းခဲ့လေသတည်း။

(တိရောကုဋ္ဋပေတာဝတ္ထု)

◆



အခန်း ( ၈ )

# ကိုယ်သား ကိုယ်မှား ကိုယ်တိုင်စားရသည့် တစ္ဆေမ

www.burmeseclassic.com

www.burmeseclassic.com

လူ့ဘဝက...

ယုတ်မာသည့် မကောင်းမှုကို

ပြုခဲ့သည်။

ထို့ကြောင့် ချမ်းသာခြင်းကင်းသည့်

ဤဘုံသို့ရောက်ရခြင်းဖြစ်သည်။



ဇနပုဒ်တစ်ခု၌ ဝါကပ်နေကြသည့် သံဃာတော်ရှစ်ပါးတို့သည် ဝါကျွတ်လျှင် ဘုရားရှင်အား ကြည်ညိုဖူးမြော်ရန်အတွက် သာဝတ္ထိပြည်သို့ ကြွချီခဲ့၏။

ရဟန်းရှစ်ပါးတို့က ဘုရားရှင်အား ဖူးမြော်လိုသည့်စိတ်ဆန္ဒကြောင့် တက်ကြွလန်းဆန်းနေ၏။

ရဟန်းတို့သည် ပင်ပန်းသည်ကို မသိ။

ဘုရားရှင်အား ဖူးမြော်လိုသည့် ပီတိတို့က လွှမ်းမိုးနေ၏။

ယင်းသို့ တောလမ်းခရီးအတိုင်း ကြွလာသည့် ရဟန်းတော်တို့သည် တောအုပ်တစ်နေရာသို့ ရောက်ခဲ့၏။

တောအုပ်အတွင်းသို့ရောက်လျှင်...

“ငါ့ရှင်တို့၊ ဤနေရာက ရေပေါမျှားသလို အရိပ်အာဝါသလည်း ကောင်းလှသဖြင့် ငါတို့ ဤနေရာ၌ ခေတ္တခဏ သီတင်းသုံးနေထိုင်ကြမည်”



www.burmeseclassic.com

www.burmeseclassic.com



ဟု ထေရ်ကြီးက ဆို၏။

ထိုအခါ ကျန်ရဟန်းတို့သည် ထေရ်ကြီး၏စကားအတိုင်း ဤ ဂူတွင် ခေတ္တသီတင်းသုံးနေထိုင်ကြ၏။

* * *

ဆည်းဆာချိန်။

ညနေခင်း။

နေမင်းသည် အနောက်သို့ လျှိုးကွယ်ပျောက်စအချိန်။ သို့ကြောင့် အမှောင်မကျ၊ အရိပ်မပျောက်သေးပေ။

ထိုအချိန်တွင် တစ္ဆေမတစ်ကောင်က ကိုယ်ထင်ပြသဖြင့် မထေရ်တို့ မျက်ဝါးထင်ထင် မြင်ရ၏။

မထေရ်တို့သည် တုန်လှုပ်ခြင်းမရှိ။

မထေရ်တို့သည် တည်ငြိမ်စွာကြည့်လိုက်၏။

တစ္ဆေမသည် ကိုယ်ထီးထီးတည်း။ အဝတ်လည်းမစည်း၊ ကိုယ်လုံးတီးနှင့်ဖြစ်၏။ ထိုအတူ တစ္ဆေမ၏သဏ္ဌာန်က ကြောက်မက်ဖွယ်လည်း ကောင်းလှ၏။

တစ္ဆေမ၏ကိုယ်မှ အပုပ်နံ့သည် တထောင်းထောင်းထနေ၏။ ပြီးတော့ တစ္ဆေမ၏ ခန္ဓာကိုယ်၌ ယင်မည်းမည်းကောင်





တို့သည် ဝိုင်းလို့ပင်။

ထိုတစ္ဆေမ်အား သံဃာတို့၏ အကြီးအကဲ မထေရ်က တည်ငြိမ်စွာကြည့်လိုက်ပြီး...

"ဤအရပ်၊ ဤဒေသသို့ လာရောက်သည့် သင်သည် မည်သို့သော မာတုကာမနည်း"

ဟု မေး၏။

ထိုအခါ တစ္ဆေမက–

"အရှင်ဘုရား၊ တပည့်တော်မသည် ဒုဂ္ဂတိနယ်သို့ ရောက်နေသော ပြိတ္တာမ ဖြစ်ပါသည်"

ဟု လျှောက်၏။

မထေရ်ကြီးသည် သနားကရုဏာနှင့်...

"သင်က လူ့ဘဝက မည်သို့သော အပြုအမူကို ပြုမူခဲ့သဖြင့် ဤဘုံသို့ ရောက်ခဲ့သနည်း"

"အရှင်ဘုရား... တပည့်တော်မသည် လူ့ဘဝက ယုတ်မာသည့် မကောင်းမှုကို ပြုခဲ့ပါသည်။ ထို့ကြောင့် ချမ်းသာခြင်းကင်းသည့် ဤဘုံသို့ ရောက်ရခြင်း ဖြစ်ပါသည်။"

"သင်က မည်သို့သော ပြိတ္တာဘဝဖြစ်သနည်း"



www.burmeseclassic.com

www.burmeseclassic.com



"အရှင်ဘုရား၊ တပည့်တော်မသည် အလွန်တရာ ဆာလောင်မွတ်သိပ်သော ပြိတ္တာဘဝမျိုးဖြစ်ပါသည်။ တပည့်တော်မသည် အစားအစာ ရှာဖွေသော်လည်း မရပါ။ ထို့ကြောင့် အလွန်တရာ ဒုက္ခကြီးစွာ ခံစားနေရပါသည်။"

"အို...ပြိတ္တာမ၊ သင်သည် ကိုယ် နှုတ် စိတ်ဟူသည့် သုံးပါးရှိသည့်အနက် ဘယ်ကံကို ပြုခဲ့သဖြင့် ဤသို့ ပြိတ္တာမျိုး ဖြစ်ရသနည်း"

ထိုအခါ တစ္ဆေမက...

"တပည့်တော်၏ အတိတ်ဘဝ အကြောင်းကို တပည့်တော်မ ပြောပြပါမည်။ နားဆင်ပါ အရှင်ဘုရား"

ဟု လျှောက်တင်ပြီး သူ၏အတိတ်ဘဝ မကောင်းကြောင်းကို ပြောပြလေသတည်း။

※ ※ ※





## မယားကြီး၊ မယားငယ် ပြဿနာမှသည်

သာဝတ္ထိနှင့် မနီးမဝေးတွင် ရွာတစ်ရွာရှိ၏။

ထိုရွာတွင် သူကြွယ်လင်မယားရှိပြီး သူကြွယ်မယားသည် သားသမီးမရသည့် အမြုံမဖြစ်သဖြင့် ဆွေမျိုးတို့က–

"သင်၏မယားသည် အမြုံမဖြစ်၏။ ထို့ကြောင့် သင့်မျိုးဆက်သည်လည်း ပျက်ရပြီ။ ယင်းသို့ သားသမီးမရှိ၊ မျိုးဆက်မရှိသဖြင့် သင့်ဘဝလည်း အချည်းအနှီးဖြစ်မည်။ သင့်မျိုးဆက်အတွက် သင် မယားတစ်ဦး ရှာသင့်သည်။ သင့်အား ငါတို့ရှာပေးစားမယ်"

ဟု ဆိုကြ၏။

သူကြွယ်သည် မယားကိုလည်း အလွန်ချစ်သူဖြစ်၏။ သို့ ချစ်ခင်မြတ်နိုးသဖြင့် အဆွေအမျိုးတို့၏ စကားကိုလည်း လက်[illegible]ခံ။ အခြားမျိုးဆက်သည် ကျန်ခဲ့စေလိုသည့်စိတ်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့လင်ကို ငါချစ်သေမယ့် ငါ့လင်ရဲ့မျိုးဆက် ဆိုတာ ရှိသင့်တယ်။ ငါ တစ်ခုခုလုပ်သင့်တယ်"

ဟု စဉ်းစား၏။

တစ်နေ့တွင် မယားကြီးသည် ချစ်လင်သူဌေးနှင့် အေးဆေးစွာ အနားယူနေခိုက် -

"အမောင်"

ဟုခေါ်၏။

"ဘာလဲနှမ"

"အမောင့်ကို နှမ စကားတစ်ခုပြောချင်တယ်"

"ဘာများလဲနှမ"

"တခြားတော့မဟုတ်ဘူး အမောင်၊ နှမဟာ အမောင့်ဆွေမျိုးတွေ ပြောသလို အမြုံမ ဖြစ်နေတာ အမှန်ပဲ။ နှမက အမြုံမ ဖြစ်သဖြင့် အမောင့်အမျိုး အနွယ် မပြတ်သင့်ဟု နှမ စဉ်းစားမိသည်။ အမောင့် မျိုးဆက်အတွက် အခြားမိန်းမတစ်ယောက်ကို ခေါ် ယူပါ။ နှမ သဘောတူပါတယ်"

ဟု ပြော၏။

သူကြွယ်သည် လက်မခံခဲ့။





သို့သော် မယားကြီးက အကြိမ်ကြိမ်ပြောသောအခါ သူကြွယ်သည် လက်ခံလိုက်၏။ အခြားသောအမျိုးသမီးတစ်ဦးအား ဆွေမျိုးတို့အား ခေါ်စေ၏။

* * *

အစကမူ မယားကြီးသည် ပြဿနာမရှိ။

သို့သော် မယားငယ်တွင် ကိုယ်ဝန်ရှိလာသည့်အခါ၌ မယားကြီးသည် စိတ်ပြောင်းသွား၏။ မယားငယ်အား ငြိုငြင်ငြူစူလာ၏။

အလိုဆန္ဒဆိုးများ တဖွားဖွားပေါ်လာ၏။

"ဟုတ်တယ်၊ ဒီမိန်းမမှာ ကလေး ရှိလာရင် ကလေးကြောင့် အားလုံးက အရေးပေးပြီး တစ်အိမ်လုံးကို ပိုင်ဆိုးသူ ဖြစ်လိမ့်မယ်။ ငါကိုယ်တိုင်လည်း ဘေးရောက်သွားလိမ့်မယ်။ သူ့မှာ ကလေးရှိလို့မဖြစ်ဘူး။ ဒီကလေး ပျက်အောင်လုပ်မှဖြစ်မယ်"

ဟုစဉ်းစားပြီး မယားငယ်မ၏ဝမ်းကြာဗိုက်တွင်းမှ ကိုယ်ဝန်ပျက်စေရန် အကြံအစည်ကို ကြံ၏။

မယားကြီးသည် ပရိဗိုဇ်မတစ်ဦးနှင့် ပေါင်း၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တွင် ပရိဗိုဇ်မအားခေါ်ပြီး ဆွမ်းအဖျော်တို့ ပေးကမ်းချီးမြှောက်ပြီးသကာလ မယားငယ်မ၏ကိုယ်ဝန် ပျက်ကျစေရန် ဥပါယ်တံမျဉ်ဖြင့် ဆေးပေးပေးရန် စီစဉ်၏။

ပရိဗိုဇ်မသည်လည်း လာဘ်လာဘအား မျှော်ကိုးလျက် မယားကြီး ခိုင်းစေသည့်အတိုင်း ကိုယ်ဝန်ပျက်ဆေးကို ယူကာ မယားငယ်အား ပေးလေ၏။

"ဤဆေးဟာ အားအင်ကို ဖြစ်စေသလို စိတ်ကို လန်းဆန်းစေတယ်"

ဟုဆိုပြီး ပေး၏။

မယားငယ်မိန်းကလေးသည်လည်း ပရိဗိုဇ်မအား ယုံကြည်သဖြင့် ဆေးကိုစားသုံးရာ မကြာခင် ကိုယ်ဝန်ပျက်ကျလေ၏။ ထိုအခါ မယားငယ်မိန်းကလေးသည် ထိုအကြောင်းနှင့်ပတ်သက်၍ မိခင်အားပြောပြရာ မိခင်ကလည်း သူကြွယ်၏အမျိုးများအား ပြောပြ၏။

သူကြွယ်အမျိုးတို့ ဒေါသဖြစ်၏။

ဤစနက်သည် မယားကြီးစနက်မှန်း သိကြ၏။

မယားကြီးကို ခေါ်၏။

"သင် ဤကလေးမ၏ ကိုယ်ဝန်ကို ပျက်စေခဲ့





သည် မဟုတ်လော"

ဟု မေး၏။

"အို…အရှင်တို့ အထင်မှားနေပြီ၊ ကျွန်ုပ် မဖျက်သလို မကြံစည်ပါ"

"ကဲ…သင်က မဖျက်ဘူးလို့ပြောတယ်။ ဒါဆို သင် ကျိန်စာဆို၍ ပြောဝံ့သလား"

ဟု မေး၏။

မယားကြီးက "ပြောဝံ့ပါတယ်"ဟု ပြတ်သားစွာပြော၏။

သူကြွယ်၏ အဆွေအမျိုးတို့က မယားကြီးအား ကျိန်စာဆိုစေ၏။

"ကျွန်ုပ်သည် သူငယ်မ ကိုယ်ဝန်အား မဖျက်ခဲ့ပါ။ သို့မဟုတ် ငါသည် ကိုယ်စိတ်နှလုံး သုံးပါးနှင့် ကိုယ်ဝန်ပျက်စေရန် ပြုခဲ့သည်ဆိုငြားအံ့၊ ဒုဂ္ဂတိဘုံသို့ ကျရောက်၍ ဆာလောင်မွတ်သိပ်ခြင်းတို့ နှိပ်စက်ကာ နံနက် ငါးယောက်၊ ည–ငါးယောက် သားတို့အား မွှားပြီး စားသောက်ရသည့်ဘဝ ရပါစေ။ ထိုသို့စားရသော်လည်း အားရတင်းတိမ်ခြင်း မရှိပါစေသား။ အမြဲတမ်း မကောင်းသောအနံ့များထွက်ကာ ယင်မ



www.burmeseclassic.com

www.burmeseclassic.com



မည်းကောင်တို့ လှိုင်လှိုင်ပေါသောကိုယ် ဖြစ်ပါစေ။

ကျွန်ုပ် အမှန်တကယ် ကိုယ်ဝန်မဖျက်သူ ဖြစ်ပါက ကောင်းကျိုးချမ်းသာမှန်သမျှ ခံစားရပါစေ”

မယားကြီးသည် အမှန်တကယ် မယားငယ်မ ကိုယ်ဝန်ပျက်ကျဆေရန် စီစဉ်ဆောင်ရွက်ခဲ့သူဖြစ်၏။ ကျိန်စာဆိုခဲ့သည်မှာ မှသားနှင့်ဆိုခဲ့ခြင်းသာ ဖြစ်၏။

ထို့ကြောင့် မယားကြီးသည် ကျိန်စာဆိုပြီးသည့်နောက်ပိုင်း စိတ်သောကရောက်ကာ ဝေဒနာတနုံ့နုံ့ခံစားရပြီး စိတ်ထောင်းကိုယ်ကြေဖြစ်ကာ မကြာခင် ကွယ်လွန်ခဲ့၏။

မယားကြီးသည် သေလွန်ပြီးသည့်နောက် ကြောက်မက်ဖွယ်ရာကောင်းသည့် ပြိတ္တာဘုံသို့ ရောက်ရ၏။

ထိုပြိတ္တာမသည် လူ့ဘဝက သူ့အသက်သတ်ခြင်း၊ လိမ်ညာပြောဆိုခြင်း၊ ကျိန်စာဆိုခြင်း စသည့် မကောင်းမှုကံများကြောင့် ပြိတ္တာဘဝတွင် မိမိကိုယ်တိုင်ဖွားသည့် သားငါးယောက်အား နေ့နေ့ ညည စားနေရ၏။

သို့သော် အစာရေစာမဝ၊ ရေမရဘဲ ဒုက္ခကြီးစွာ ခံစားနေခဲ့ရသည်တည်း။

☼ ☼ ☼

စလုစာပေ



အမျှဝေမှ ချမ်းသာရ

“ဒကာမ…သင်၏ဒုက္ခက ကြီးလှပေသည်”

ဟု မထေရ်ကြီးက ကရုဏာနှင့်ဆို၏။

တစ္ဆေမကမူ သူ့ဘဝအား ပြောပြပြီးလျှင် မထေရ်ကြီးအား

“အရှင်ဘုရား… အရှင်ဘုရားအား တပည့်တော် တစ်ခု ပန်ကြားပါရစေ”

ဟု လျှောက်တင်၏။

“ဘာများလဲ ဒကာမ၊ လျှောက်ပါ”

“တပည့်တော်မ လျှောက်တင်ချင်သည်မှာ တခြားမဟုတ်ပါဘုရား။ အရှင်ဘုရားတို့ သာဝတ္ထိသို့ရောက်လျှင် သူကြွယ်အိမ်သို့ဝင်ပါ။ ပြီးတော့ တပည့်တော်မအတွက် အလှူအတန်းပြု အမျှဝေပေးရန် ပန်ကြားပေးပါဘုရား။ သို့မှသာ တပည့်တော်မ ဒုက္ခက ကင်းလွတ်ရပါလိမ့်မည် ဘုရား”

ထိုအခါ မထေရ်ကြီးက ‘ကောင်းပြီ ဒကာမ”ဟု ဆို၏။

ထို့အတူ “ငါကိုယ်တိုင်သွား၍ သင့်အား ကူညီပါမည်”

ထို့နောက် မထေရ်ကြီးသည် ပြိတ္တာမအား သနားကရုဏာသက်ခဲ့သဖြင့် ကတိစကားပေးပြီး ထိုနေရာမှ ကြွခဲ့၏။

စလုစာပေ

www.burmeseclassic.com

www.burmeseclassic.com



သာဝတ္ထိသို့ရောက်လျှင် ဆွမ်းအလို့ငှာ သူကြွယ်အိမ်သို့ ဝင်ခဲ့၏။

သူကြွယ်သည် မထေရ်အား ဖူးမြော်ရသည့်အခါ ဝမ်းမြောက်ဝမ်းသာစိတ်ရှိသည်ဖြစ်၍ မထေရ်တို့အား နေရာထိုင်ခင်းပေး၏။

ဆွမ်းကပ်ရန် စီမံဆောင်ရွက်၏။

မထေရ်တို့သည် ဆွမ်းကွမ်းကိစ္စပြီးလျှင်–

"ဒကာကြီး…ကွယ်လွန်ခဲ့ပြီဖြစ်သည့် ဒကာကြီး၏ မယားကြီးသည် သူပြုခဲ့သည့် မကောင်းမှုကြောင့် ယခုအခါတွင် ဒုဂ္ဂတိဘုံသို့ ရောက်နေ၏။ ဆင်းရဲဒုက္ခကြီးစွာ ခံစားနေရသည်"

ဟု မိန့်ကြားလျှင် သူကြွယ်သည် စိတ်မကောင်းဖြစ်သွားရ၏။ ချက်ချင်းပင် သူကြွယ်သည် မထေရ်အား ပြိတ္တာဖြစ်နေသည့် ဇနီးမယားဟောင်း ကောင်းမွန်သောဘဝရရှိအောင် မည်သို့ပြုလုပ်ရမည်ကို မေးမြန်းစီစဉ်စေ၏။

မထေရ်ကလည်း စီစဉ်ပေး၏။

မထေရ်တို့သည် သူကြွယ်လှူဒါန်းသည့် ဆွမ်း ~~~ အဖို့ဘာဂအား မယားကြီးဖြစ်သည့် ပြိတ္တာမကို ရည်ညွှန်းကာ အမျှ





ဝေစေခဲ့၏။

* * *

သူကြွယ်သည် မယားကြီးဖြစ်သူအား အမျှပေးဝေ၏။

သူကြွယ်ပေးဝေသည့် ကုသိုလ်အဖို့ဘာဂအား အမျှရခဲ့သည့် ပြိတ္တာမသည် ထိုခဏ၌ပင်လျှင် ဆင်းရဲခြင်းကင်း၍ မွန်မြတ်သော နတ်စည်းစိမ်ကို ခံစားရ၏။

ထိုပြိတ္တာမသည် ညအခါ၌ ကိုယ်ထင်ပြ၏။

မထေရ်တို့သည် သာဝတ္ထိသို့ရောက်လျှင် ဘုရားရှင်အား ဖူးမြော်လျှောက်ထား၏။

ဘုရားရှင်သည် ထိုပြိတ္တာမ၏ အတ္ထုပ္ပတ္တိအား တရားပွဲလာပရိသတ်တို့အား ဟောပြောပြ၏။ များစွာသော ပရိသတ်တို့သည် သတိသံဝေဂရကြပြီး ဒါန သီလတရားတို့ကို ကြိုးစားအားထုတ်ကြသဖြင့် များစွာအကျိုးဖြစ်ထွန်းကြလေသည်။

(ပဋ္ဌပုတ္တခါဒက ပေတဝတ္ထု)

◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၉ )

# ကျိန်စာသင့်တစ္ဆေ

www.burmeseclassic.com

www.burmeseclassic.com

အရှင်ဘုရား

ဤမိန်းမသည်

ဘဝဟောင်းက တပည့်တော်၏

မယားဖြစ်၏။



တစ်နေ့သ၌ ရဟန်းတစ်ပါးသည် ဝါကျွတ်ချိန်ရောက်ပြီဖြစ်သဖြင့် ဘုရားရှင်အား ဖူးမြော်ရန်အတွက် သာဝတ္ထိပြည်သို့ ကြွခဲ့၏။

လမ်းတွင်လည်း ကုန်သည်တို့နှင့်ဆုံ၏။

"အရှင်ဘုရား ဘယ်ကြွမလို့ပါလဲဘုရား"

ဟု လှည်းကုန်သည်ကမေး၏။

"ငါ ဘုရားရှင်အားဖူးမြော်ရန် သာဝတ္ထိပြည်သို့ ကြွမည်"

"ဒါဆို တပည့်တော်တို့ ကုသိုလ်ပြုပါရစေ ဘုရား"

"သာဓု...သာဓု...သာဓု"

ရဟန်းသည် လှည်းကုန်သည်တို့နှင့် ခရီးကြုံလိုက်လာ၏။ လှည်းကုန်သည်တို့သည် ညအခါတွင် ခရီးသွား၍ နေ့အခါတွင် သစ်ပင်အုပ်ကောင်းသည့် တောအုပ်အရပ်၌ ရပ်နားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ခရီးသည် တဖြည်းဖြည်းဝေးခဲ့ပြီ။

သို့နှင့် ဝိဇ္ဇာဓရာဇိအမည်ရှိသည့် တောအုပ်သို့ရောက်ခဲ့၏။

ထိုတောအုပ်က သစ်ပင်ကြီးများပေါက်ရောက်၍ အရိပ်အာဝါသကောင်း၏။

သစ်ရွက်ရိုက်ခတ်သံနှင့် ငှက်အော်သံတို့သည် သာယာနာပျော်ဖွယ်ကောင်းနေ၏။

"ဒီမှာနားကြမယ်"

လှည်းကုန်သည်တို့သည် ထိုတောအုပ်သို့ရောက်လျှင် နားမည်ဟု အကြောင်းကြား၏။ လှည်းများကိုဖြုတ်ကြ၏။

"ဒီမှာနားကြမယ်၊ သက်သက်သာသာနေကြပါ"

ကုန်သည်တို့သည် နားကြ၏။

တချို့ အိပ်ကြ၏။

တချို့ စကားပြောကြ၏။

ရဟန်းတော်ကမူ ခေတ္တနားခိုက် အေးဆေးစွာနေလိုသဖြင့် ကုန်သည်တို့နှင့် အတန်ငယ်ဝေးသည့် သစ်ပင်ကြီးတစ်ပင်ခြေရင်းတွင် ဒုကုဋ်ကိုခင်းကာ အညောင်းပြေ လဲလျောင်း၏။

သို့သော် ရဟန်းသည် ညအခါ ခရီးသွားရသဖြင့် ပင်ပန်းသလိုဖြစ်ပြီး မေ့ခနဲ အိပ်ပျော်သွားမိသည်။





ရဟန်းတော် မည်မျှ ကျိန်းစက်အိပ်ပျော်သွားသည်မသိ။

လှည်းကုန်သည်တို့ အပန်းဖြေပြီး ခရီးဆက်သွားကြသည်ကိုလည်း မသိလိုက်ပေ။ လှည်းကုန်သည်တို့ကလည်း ရဟန်းကို ဟိုဟိုသည်သည် ကြည့်သော်လည်း မတွေ့သဖြင့် ခရီးဆက်သွားကြပြီ။

ရဟန်းတော်သည် ကျိန်းစက် အိပ်ပျော်ကျန်ခဲ့ပြီ။

ရဟန်းတော်သည် ရုတ်ခနဲ လန့်နိုးသော် လှည်းကုန်သည်တို့ လှည်းရပ်နားရာသို့သွား၏။ မတွေ့သော် ဟိုဟိုသည်သည်ရှာ၏။

လှည်းကုန်သည်တို့က ခရီးဆက်သွားခဲ့ပြီ။

"အင်း...လှည်းကုန်သည်တို့ ခရီးဆက်သွားပြီထင်တယ်၊ ငါ့ဘာသာငါပဲ သွားရတော့မပေါ့"

## ရက္ခစိုးနှင့် တာရွှေမ

ရဟန်းတော်သည် လမ်းသိသူမဟုတ်။

ရဟန်းတော် မှန်း၍ ခရီးဆက်ခဲ့ရာ လမ်းမှားသည်ကိုလည်း မသိ။

အမှန်မူ ရဟန်းတော်သည် လမ်းမှားလျှောက်ခဲ့ရာ ရက္ခစိုးတို့နေသည့် တောအုပ်တွင်းသို့ ရောက်ခဲ့၏။

www.burmeseclassic.com



ရက္ခစိုးနတ်သည် ရဟန်းတော်ကိုမြင်လျှင် ကြည်ညိုသဒ္ဓါ ဖြစ်ခဲ့၏။ ထို့ကြောင့် ရက္ခစိုးနတ်သည် လူရောင်ဖန်ဆင်းပြီး ရဟန်းတော်အနီးသို့ ချဉ်းကပ်၏။

လက်အုပ်ချီမိုး၍–

"အရှင်ဘုရား၊ ဘယ်ကလာလို့ ဘယ်ကြွမလို့ ပါလဲ ဘုရား"ဟု မေး၏။

"ငါက သာဝတ္ထိသို့ ဘုရားရှင်အား ကြည်ညိုရန် ခရီးနှင်ခဲ့ခြင်းဖြစ်တယ်"

ထိုအခါ ရက္ခစိုးက–

"အရှင်ဘုရား... ဤသို့ဆိုလျှင် တပည့်တော်အား အလှူဒါနပြုရန် ခွင့်ပြုပါ"

ဟု လျှောက်တင်၏။

ရဟန်းသည် ဆိတ်ဆိတ်နေပြီး လက်ခံ၏။ ရက္ခစိုးနတ်သည် ရဟန်းတော်အား သူ၏ဘုံဗိမာန်သို့ ခေါ်ဆောင်သွား၏။ ဘုံဗိမာန်သို့ရောက်လျှင် မြေနယ်ဆီ စသည်တို့အား ဆက်ကပ်၍ လှူဒါန်း၏။

ထိုအချိန်တွင် ရဟန်းနှင့် ရက္ခစိုး အနီးသို့ လွန်စွာအရုပ်ဆိုးပြီး အပုပ်နံ့လှိုင်နေသည့် တစ္ဆေမတစ်ဦး ရောက်လာ၏။

စလုတာပေ



တစ္ဆေမသည် ခန္ဓာကိုယ်လုံးတီးနှင့် ဆာလောင်မွတ်သိပ်နေသည့်ပုံဖြစ်၏။

"ကျွန်မကို စားစရာပေးပါ၊ ဝတ်စရာပေးပါ"

ဟု ရက္ခစိုးနတ်အား တောင်း၏။

ရက္ခစိုးနတ်သည် တစ္ဆေမအား...

"ရော့... မင်းဝတ်ဖို့ အဝတ်ယူပါ။ မင်းစားဖို့ အစားအသောက် ယူပါ"

ဟု ဆိုပြီး ပထမ ထမင်းအဖျော်ကိုပေး၏။

တစ္ဆေမသည် ဝမ်းသာအားရ ထမင်းအဖျော်တို့ကို ယူလိုက်ရုံနှင့် ထမင်းအဖျော် ဟူသမျှကိုသည် ကျင်ကြီး ကျင်ငယ် ချွဲ သလိပ်တို့ ဖြစ်ကုန်၏။

"အို..."

ရဟန်းသည် အံ့သြသွား၏။

ထို့အတူ အဝတ်အထည်တို့အား တစ္ဆေမ ယူလိုက်လျှင်

"အား"

"အို"

တစ္ဆေမလက်မှ အဝတ်အထည်တို့ ပူလောင်သည့် သံအောင်သံပြားများ ဖြစ်သွားသည့်အတွက် အံ့သြရ၏။

စလုတာပေ

www.burmeseclassic.com

www.burmeseclassic.com



တစ္ဆေမကမူ နောက်ဆုံး ကျင်ကြီးကျင်ငယ် သွေး သလိပ်တို့ကိုသာ အားပါးတရ မွတ်သိပ်စွာ စားရလေပြီ။

"ဘုရား…ဘုရား"

ခရီးသွားရဟန်းသည် ထိုအခြင်းအရာကို မြင်ရလျှင် များစွာ ထိတ်လန့်တုန်လှုပ်လျက်…

"ဒါယကာ၊ ဤမိန်းမသည် ကျင်ကြီးကျင်ငယ် သွေးသလိပ်တို့ကို စားရ၏။ အဝတ်အထည် ဟူသမျှက ပူပြင်းတောက်လောင်သည့် သံပြားများ ဖြစ်ကုန်၏။ သူမသည် အဘယ်မကောင်းမှုကို ပြုခဲ့သဖြင့် ဤသို့ဖြစ်ရသနည်း" ဟု မေး၏။

ရက္ခစိုးသည် သက်ပြင်းချပြီး–

"အရှင်ဘုရား… ဤမိန်းမသည် ဘဝဟောင်းက တပည့်တော်၏မယား ဖြစ်၏"

"အို…"

ရဟန်း အံ့ဩရ၏။

"အဖြစ်ကိုပြောပါဦး"

ရက္ခစိုးသည် အတိတ်ကို ပြန်လည်ပြောပြ၏။

* * *

စလုတာပေ



## လင်ရက္ခစိုး မယားတစ္ဆေ

တစ်ခါက တစ်ကျိပ်နှစ်ပါးသော ရဟန်းတို့သည် ဘုရားရှင်ထံ၌ ကမ္မဋ္ဌာန်းတရားယူပြီး အားထုတ်ကြ၏။

သို့နှင့် ဝါကပ်ချိန်သို့ ရောက်ခဲ့ပြီ။

ထိုအခါ ရဟန်းတို့သည် အရိပ်၊ ရေနှင့်ပြည့်စုံသည့် တောအုပ်တစ်ခုတွင် ဝါကပ်ရန် ဆုံးဖြတ်၏။ ထိုနေရာကား ဆွမ်းအလို့ငှာ ပြည့်စုံသည့်နေရာလည်း ဖြစ်၏။

ရဟန်းတို့သည် ထိုနေရာတွင်နေထိုင်ပြီး ရွာတွင်းသို့ ဆွမ်းခံဝင်၏။ ရွာသူရွာသားတို့သည် ရဟန်းတို့အား မြင်လျှင် ကြည်ညိုသဒ္ဓါတရားအပြည့်နှင့် ဆွမ်း အဖျော် စသည်တို့အား ဆက်ကပ်လှူဒါန်း၏။

စလုတာပေ

www.burmeseclassic.com

www.burmeseclassic.com



"အရှင်ဘုရားတို့... ယခုအခါ ဘယ်အရပ်သို့ ကြွတော်မူပါသနည်း"

ဒကာ... ငါတို့သည် ချမ်းသာသည့်အရပ်အား ရှာ၍ ကမ္မဋ္ဌာန်းတရား အားထုတ်ရန် လာကြခြင်း ဖြစ်၏။

ဤသို့ဆိုလျှင် ဘယ်အရပ်၌ သီတင်းသုံးမည်နည်း။

ဤတောအရပ်တွင် ဖြစ်သည်"

ယင်းသို့ ရဟန်းတို့မှ ဝန်ခံကြလျှင် ဒါယကာတို့သည် ထိုတောအုပ်၌ ရဟန်းတို့အား ကျောင်းသခ်မ်း ဆောက်လုပ် လှူဒါန်းကြ၏။

✻ ✻ ✻

ထိုရွာက ရက်ကန်းသည်တို့နေထိုင်သည့်ရွာ ဖြစ်၏။

ထိုရွာတွင် ရက်ကန်းသည်တို့၏ အိမ်ပေါင်း တစ်ဆယ့်တစ်အိမ်ရှိ၏။ ရွာအကြီးအကဲသည် ထိုရဟန်းတို့အတွက် အစီအစဉ်လုပ်၏။

ထိုအစီအစဉ်သည် အခြားမဟုတ်။

ဝလုတာပေ



အကြီးအကဲ ကိုယ်တိုင်က ရဟန်းနှစ်ပါးအား ဆွမ်း ကွမ်း ကိစ္စ တာဝန်ယူ၍ ကျန်လူများက ရဟန်းတစ်ပါးစီ တာဝန်ယူရန် ဖြစ်၏။

အားလုံးကလည်း သဘောတူ၏။

ထို့ကြောင့် ရဟန်းတို့အား ပစ္စည်းလေးပါးနှင့် ပြုစုလုပ်ကျွေး လှူဒါန်းကြလေသတည်း။

သို့သော် ရက်ကန်းသည်အကြီးအကဲ၏ မယားကမူ ရက်ကန်းသည် အကြီးအကဲနှင့်မတူ။ သဒ္ဓါတရားနည်းပြီး မှားသောအယူရှိ၏။ ဝန်တိုသည့်သဘောလည်း ရှိ၏။

သို့အတွက် ရဟန်းတို့အား ကောင်းစွာပြုစုလုပ်ကျွေးသည် မရှိ။

ယင်းသို့ခေါ်ယူပြီး မိမိနေအိမ်နှင့် စည်းစိမ်ကို အပ်နှင်းလေသတည်း။

✻ ✻ ✻

"ညီမငယ် သဒ္ဓါတရားအပြည့် ရဟန်းတို့အား ပြုစုလုပ်ကျွေးပါ"

ဟု အကြီးအကဲက မှာ၏။

ဝလုတာပေ

www.burmeseclassic.com

www.burmeseclassic.com



မိန်းမငယ်သည် နဂိုကပင် စေတနာ သဒ္ဓါတရားရှိသူ ဖြစ်သဖြင့် အကြီးအကဲက ခွင့်ပြုလျှင် ရဟန်းတို့အား ကောင်းမွန်စွာ ပြုစုလုပ်ကျွေး၏။

သို့နှင့် ဝါကျွတ်လျှင် ရက်ကန်းသည်တို့သည် သံဃာတစ်ပါးလျှင် သင်္ကန်းတစ်ထည်စီ ရက်လုပ်၍ သင်္ကန်းလျာပုဆိုးကို ဆက်ကပ်လှူဒါန်းကြ၏။

ထိုအခါ ရက်ကန်းသည်အကြီးအကဲ၏သားသည် ပြစ်မှားလိုသည့်စိတ်ရှိသူ ဖြစ်သဖြင့် ဤသို့ကျိန်ဆို၏။

"သင်သည် သာကီဝင်မင်းအား ဘုရားသားတော် ဖြစ်ကြကုန်သော ရဟန်းတို့အား ဆွမ်းအဖျော် အလှူကို ပေးလှူ၏။ ယခုတစ်ဖန် သင်္ကန်းလျာပုဆိုးအား လှူပြန်၏။ ဤကား ပစ္စည်းကို သက်သက်ဖြုန်းတီးခြင်း ဖြစ်၏။ ထို့ကြောင့် သင်လှူသော ဆွမ်းအဖျော်စသည်တို့သည် တမလွန်ရောက်လျှင် သင့်အတွက် ကျင်ကြီး ကျင်ငယ် သွေးသလိပ် ဖြစ်ပါစေ။ အဝတ်ပုဆိုးတို့သည် အလျှံပြောင်ပြီး တောက်လောင်သည့် သံပြားပုဆိုး ဖြစ်ပါစေ"

ဤသို့ဖြင့် ရက်ကန်းသည်အကြီးအကဲသည် သက်တမ်း





ကုန်သည်နှင့် ကွယ်လွန်ခဲ့၏။

ထိုရက်ကန်းသည်အကြီးအကဲ ကွယ်လွန်လျှင် ဝိဥ္ဈာဋဝီမည်သည့် တော၌ ဘုန်းတန်ခိုးနှင့်ပြည့်စုံသည့် ရုက္ခစိုးဖြစ်၏။

ယင်းသို့ပင် ဝန်တိုသော မယားကြီး သေလွန်လျှင် ရုက္ခစိုးနတ်နေရာနှင့် မနီးမဝေးတွင် ပြိတ္တာမဖြစ်၏။

❊ ❊ ❊

ထိုတစ္ဆေမက အကျည်းတန် အရုပ်ဆိုး၏။ အဝတ်မသိ ကိုယ်လုံးတီးနေရ၏။

ကြောက်မက်ဖွယ် ရုပ်သွင်လည်းရှိ၏။

ဆာလောင်မွတ်သိပ်ခြင်း၏ လွှမ်းမိုးမှုကို အမြဲခံစားနေရ၏။

တစ္ဆေမသည် ဘဝဟောင်းက လင်တော်ဖူးသည့် ရုက္ခစိုးနတ်ထံသို့သွား၏။

"အရှင်နတ်မင်း...ကျွန်ုပ်သည် သင်၏ အတိတ်ဘဝဟောင်းမှ မယားဟောင်း ဖြစ်၏။ ယခုအခါ ကျွန်ုပ်သည် ဆာလောင်မွတ်သိပ်မှုဖြင့် လှုပ်ရှားသွားလာနေရ၏။ အဝတ်အထည် မဝတ်ရပါ။ သို့အတွက် ကျွန်ုပ်အား အဝတ်အစားပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟု တောင်းပန်ပြောကြား၏။

ရက္ခစိုးနတ်သည် သနားကရုဏာဖြစ်ခဲ့၏။ ထို့နောက် နတ်ထမင်းနှင့် အဖျော်ယမကာတို့အား ပေး၏။

သို့သော် ပြိတ္တာမ ကိုင်လိုက်လျှင် ထမင်း အဖျော်တို့က ကျင်ကြီး ကျင်ငယ် သွေးပြည် သလိပ်တို့ ဖြစ်ကုန်၏။ အဝတ်အထည်တို့က အပူလောင်တောက်ပြောင်သည့် သံဘောင် သံပြားတို့ ဖြစ်ကုန်၏။

ထို့ကြောင့် တစ္ဆေမသည် အစားမရသလို အဝတ်လည်း မရပေ။

သည်အခါ တစ္ဆေမသည် ဆာလောင်မွတ်သိပ်ပြည့်လျက် လှုပ်ရှားသွားလာနေရသတည်း။

## လွတ်မြောက်ရာနည်းလမ်း

တစ်နေ့။

ရက္ခစိုးနတ်သည် ဘုရားရှင်အား ဖူးမြော်ရင်း...

"အရှင်ဘုရား...ဤပြိတ္တာမအား ပြိတ္တာဘဝမှ လွတ်မြောက်ရာ နည်းလမ်းဥပါယ် ရှိပါသလား ဘုရား"

စံလှစာပေ



ဟု မေးလျှောက်၏။

ဘုရားရှင်က...

"ရှိသည် ဒကာ"

"မည်သို့ဆောင်ရွက်ရပါမည်နည်း ဘုရား"

"ဒကာ...ဘုရားအားလည်းကောင်း၊ သံဃာအားလည်းကောင်း အလှူဒါန ပေးလှူ၍ ထိုပြိတ္တာမအား ရည်စူးပြီး အလှူပေးလှူကာ အမျှပေးဝေလျှင် အမျှရ၍ ဤဘဝမှ လွတ်ငြိမ်းချမ်းသာနိုင်၏။ ချမ်းသာသည့်ဘဝကို ခံစားနိုင်၏"

ရက္ခစိုးနတ်သည် ဘုရားရှင်ထံမှ ဤသို့ အဖြေကိုရလျှင် ချက်ချင်းပင် မွန်မြတ်သည့် နတ်ဆွမ်း အဖျော်ယမကာတို့အား ဘုရားရှင်အားပေးလှူ၍ အလှူဒါနအဖို့အား ပြိတ္တာမအား ရစေရန် အမျှအတန်းပေးဝေ၏"

ထိုခဏ၌ ပြိတ္တာမသည် သာဓုခေါ်နိုင်ပြီး ပြည့်ဖြိုးလှပသည့် ခန္ဓာကိုယ်ရှိသော နတ်အစာတို့အား တင်းတိမ်စွာ စားသောက်နိုင်၏။

တစ်ဖန် ရက္ခစိုးသည် နတ်ဝတ်တန်ဆာတို့အား ဘုရားရှင်အား ရည်စူး၍ လှူဒါန်းကာ ပြိတ္တာမအား အမျှဝေ၏။

စံလှစာပေ

www.burmeseclassic.com

www.burmeseclassic.com

ပြိတ္တာမသည် ထိုခဏ၌ အမျှရ၍ သာဓုခေါ်နိုင်ပြီး နတ်၌ဖြစ်သည့် အဝတ်တန်ဆာကို ဝတ်ဆင်နိုင်၏။ နတ်သမီးကဲ့သို့လည်း ဝင့်တယ်လှပခဲ့၏။

* * *

ရဟန်းသည် ရက္ခစိုးနတ်၏ တန်ခိုးဖြင့် ထိုနေ့၌ပင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ရောက်ခဲ့၏။

ရဟန်းသည် မိမိတွင်ပါလာခဲ့သည့် နတ်ပုဆိုးအစုံအား ဘုရားရှင်အား လှူဒါန်းပြီး မိမိတွေ့ကြုံခဲ့ရသည့် အကြောင်းစုံကို လျှောက်ထားလေ၏။

• ဘုရားရှင်သည် ထိုအကြောင်းအား တရားသဘင်၌ ပရိသတ်တို့အား ဟောတော်မူရာ တရားနာပရိသတ်တို့သည် ကြီးစွာသော သတိသံဝေဂရလျက် အလှူဒါနအား တွန့်တိုခြင်း ကင်းကြလေသတည်း။

(မဟာပေတဝတ္ထု 'ကာရ' ပေတဝတ္ထု)

◆



အခန်း ( ၁၀ )

## မိဖာန်ရှင်ဖြစ်ရသည့် ပြိတ္တာမ

www.burmeseclassic.com

www.burmeseclassic.com

ဤမိန်းကလေးက...

လွန်ခဲ့တဲ့ဘဝကလည်း 'သံသရာမေဓက'

အယူရှိသည့် မိစ္ဆာဒိဋ္ဌိမျိုးမှ

ကျင်လည်ခဲ့ရသူ...။



အရှင်သာရိပုတ္တရာသည် ဘုရားရှင်၏ အဂ္ဂသာဝကမထေရ် မြတ်ဖြစ်သည်။

တစ်ခါသော် အရှင်သာရိပုတ္တရာမထေရ်သည် သံဃာတော် တစ်ကျိပ်နှစ်ပါးနှင့်အတူ မာဂဓတိုင်း၊ ဣန္ဒကဝတီမည်သည့် ရွာတွင်ရှိသည့် အရဏ်ဗတိကျောင်း၌ သီတင်းသုံးနေခဲ့၏။

တစ်နေ့သ၌ အရှင်သာရိပုတ္တရာမထေရ်မြတ်သည် နောက်ပါ သံဃာတော်တို့နှင့်အတူ ရွာတံခါးအနီးရှိ လမ်းမှ ကြွခဲ့စဉ် ရွာတံခါးအနီး၌ ကစားနေကြသည့် ကလေးငယ်တို့အား တွေ့ ရ၏။

ထိုကလေးငယ်တို့သည် မိဘတို့ထံမှ အလေ့အကျင့်ရသား သူများ ဖြစ်သဖြင့် သံဃာတော်များအား မြင်တွေ့သည့်အခါ ကြည်ညိုလေးစားသည့်စိတ်ဖြင့် အပြေးလာရောက်ကာ ကန်တော့ ကြ၏။

စလုတာပေ

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထိုကလေးအုပ်တွင်း၌ မိန်းမငယ်တစ်ဦးသည် အခြားကလေးငယ်များကဲ့သို့ ရှိခိုးခြင်းမရှိ။ ကြည့်ညိုလေးစားသည့်အကျင့်မရှိသူနှယ်တည်း။

သည်ကလေးက မိစ္ဆာဒိဋ္ဌိ၌ အယူဖြစ်သော သံသရမောစကအယူအား ယုံကြည်ကိုးကွယ်သူဖြစ်၏။

အခြားကလေးများ ရှင်သာရိပုတ္တရာ မထေရ်အား ရှိခိုးကန်တော့သောအခါ သူကလေးက ရပ်လျက်...

အရှင်သာရိပုတ္တရာမထေရ်ကြီးသည် မိန်းကလေးအား ကြည့်ကာ မိမိဉာဏ်နှင့် ဆင်ခြင်မိ၏။

"အင်း...ဤမိန်းကလေးက လွန်ခဲ့တဲ့ဘဝက
လည်း သံသရာမောစကအယူရှိသည့် မိစ္ဆာဒိဋ္ဌိမျိုးမှာ
ကျင်လည်နေထိုင်ခဲ့ရသူပဲ"

ဟု သိ၏။

သူမက မှားယွင်းသောအယူဝါဒအစွမ်းဖြင့် ပိုးနံ့ကောင်အား သတ်ဖြတ်ခဲ့၏။ သို့တွက် သူမသည် အနှစ်ငါးရာကာလပတ်လုံး [illegible]သိပ်ဆာလောင်ခြင်းနှင့်တကွ အလွန်ဆင်းရဲသည့်ပြိတ္တာဘဝ ဖြစ်ခဲ့၏။

[illegible]ချိန်တွင် ပြိတ္တာဘဝမှ လွတ်ကျွတ်ပြီး ဣန္ဒာဝတီရွာ





သို့ သံသရာမောစကမိစ္ဆာအယူကိုယူမိသောမိဘတို့၏ ရင်သွေး ဖြစ်ခဲ့ပြီ။

## ငရဲမှကယ်တင်သူ၊ သဒ္ဓါမပါဘဲ ရှိခိုးသူ

အရှင်သာရိပုတ္တရာမထေရ်ကြီးက အတိတ်ကို သင်ချစ်နိုင်စွမ်းသကဲ့သို့ ပစ္စုပ္ပန်ကိုလည်း သင်ချစ်နိုင်စွမ်းဉာဏ်ရှိ၏။

ထို့ကြောင့် မထေရ်ကြီးသည် ကလေးမငယ်၏ အတိတ်ဘဝကို ဆင်ခြင်ပြီး ပစ္စုပ္ပန်ကို ဆင်ခြင်ကြည့်ပြန်၏။

ထိုမိန်းကလေးအား ယခုအခါတွင် မိစ္ဆာဒိဋ္ဌိအယူဖြစ်သည့် 'သံသာရမောစကေ'အကျင့် [illegible]သောအမျိုး၌ လူဖြစ်ခဲ့၏။ ထိုအယူကား ငရဲသို့လားနိုင်သည့်အယူ ဖြစ်၏။

"အကယ်၍ ဤမိန်းကလေးသည် ငါ့ကို ရှိခိုး
ဖြစ်ငြားအံ့၊ ငရဲ၌မဖြစ်။ ငရဲမှလွတ်နိုင်၏။ နောက်ဆုံး
ပြိတ္တာဘုံ၌သာ ဖြစ်နိုင်၏။ ဤသို့ ပြိတ္တာဘုံ၌ဖြစ်သော်
ငါ့အား အမှီပြု၍ စည်းစိမ်ချမ်းသာအဖြာဖြာကို ရနိုင်
၏။ ခံစားရလတ္တံ့"

ဟု ဆင်ခြင်မိ၏။

သို့အတွက် အရှင်သာရိပုတ္တရာမထေရ်ကြီးသည် မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



ငယ်နားသို့ ချဉ်းကပ်ပြီး...

"အမိငယ်၊ သဲယာတော်တို့အား တန်တော့လေ"

ဟု မိန့်၏။

ယင်းသို့ မထေရ်ကြီးက မိန့်လျှင် မိန်းကလေး၏ အဖော်သည် ချက်ချင်းထကာ မိန်းကလေးအား လက်ဆွဲ၍-

"ရှိခိုးလိုက်ပါ"

ဟု တိုက်တွန်း၏။

ထို့အတူ အဖော်များကလည်း ဝိုင်းဝန်းတိုက်တွန်းသဖြင့် မိန်းကလေးငယ်သည် မိမိဆန္ဒမပါသော်လည်း အများဆန္ဒအ အရှင်သာရိပုတ္တရာနှင့် ရဟန်းတော်တို့အား ရှိခိုးလေ၏။

❊ ❊ ❊

ထိုမိန်းကလေးငယ်ကား အရွယ်ရောက်ခဲ့ပြီ။

ထိုမိန်းကလေးက ရုပ်ရည်ရူပကာ ချောမော၏။ ချစ်ခင်မြတ်နိုးသူ ပေါ၏။

တစ်နေ့တွင် အမျိုးသမီးငယ်သည် 'ဒီဃရာဇိအမည်ရှိသည့်ရွာမှ သံသာရမောစကေ အယူရှိသည့် အမျိုးသားတစ်ဦးနှင့် လက်ထပ်ထိမ်းမြားရ၏။





သို့သော် ထိုမိန်းကလေးသည် ကံမကောင်းချေ။

ကိုယ်ဝန်ရှိပြီး မီးဖွားစဉ် မီးမဖွားနိုင်သဖြင့် ငယ်ငယ်ရွယ်ရွယ်နှင့် ကွယ်လွန်အနိစ္စရောက်ခဲ့၏။

ထိုမိန်းကလေး ကွယ်လွန်လျှင် ပြိတ္တာဖြစ်ရ၏။ သူဖြစ်တည်ရသည့် ပြိတ္တာဘဝက အဝတ်မရှိ၊ အဆင်းမလှဘဲ မွတ်သိပ်သည့်ဘဝဖြစ်၏။ အစဉ်အမြဲ မွတ်သိပ်ဆာလောင်မှုနှင့် ခရီးသွားနေရ၏။

တစ်နေ့...

ပြိတ္တာမသည် အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးအား မြင်လျှင် ကိုယ်ထင်ပြပြီး သင်္ဂတင့်သည့်အရပ်၌ နေ၏။

အရှင်သာရိပုတ္တရာမထေရ်ကြီးက...

"အဝတ်မပါ၊ ဗလာကိုယ်တည်းနှင့် အဆင်းမလှ ဆင်းရဲဒုက္ခကြီးစွာဖြင့် ရောက်လာသူက မည်သူနည်း"

ဟု မေး၏။

"အရှင်ဘုရား...တပည့်တော်မသည် ပြိတ္တာဘုံ၌ ဖြစ်ရသည့် ပြိတ္တာမပါဘုရား"

"သင်သည် လူ့ဘဝက မည်သည့်အမျိုးအနွယ် ဖြစ်၍ မည်သည့်အကုသိုလ်ကို ပြုခဲ့သနည်း။ မည်



www.burmeseclassic.com

www.burmeseclassic.com



သည့်အတွက်ကြောင့် ဤသို့ခံစားနေရသနည်း”

“အရှင်ဘုရား...တပည့်တော်မသည် လူ့ဘ၀က သံသာရမောဓကေ အမျိုးအနွယ် ဖြစ်ပါသည်။ တပည့်တော်မသည် အလှူမပေးခဲ့သလို သီလကို မဆောက်တည်ခဲ့ပါ။ အစဉ်အမြဲ၀န်တိုသောသဘောရှိ၍ သတ္တ၀ါတို့အား သတ်ဖြတ်သည့် အကုသိုလ်ကံကြောင့် ဤပြိတ္တာဘုံ၌ ဖြစ်ရပါသည်”

ထိုအခါ အရှင်သာရိပုတ္တရာမထေရ်က “ယခု သင် ဘယ့်အတွက်ကြောင့် ငါ့ထံလာရသနည်း”ဟု မေး၏။

“အရှင်ဘုရား...တပည့်တော်မအား သနားသောအားဖြင့် လှူဖွယ်၀တ္ထုတို့ကို လှူဒါန်းပြီး အမျှပေးဝေစေလိုပါသည်ဘုရား။ တပည့်တော်မအား အမျှပေးဝေ၍ ဆင်းရဲဒုက္ခမှ ကယ်တင်စောင့်ရှောက်တော်မူပါဘုရား”

ဟု လျှောက်ထား၏။

အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးသည် ထိုပြိတ္တာမအား [illegible]သက်သွား၏။ ထို့ကြောင့် ‘ကောင်းပြီ’ဟု ၀န်ခံပြီး [illegible]မ်းအလို့ငှာ ရွာသို့၀င်ခဲ့၏။

စံလှတာပေ



## ဒုက္ခမှ ချမ်းသာရာသို့

အရှင်သာရိပုတ္တရာမထေရ်သည် ပြိတ္တာမအား ၀န်ခံခဲ့သည့်အတိုင်း ဆွမ်းခံ၍ ဆွမ်းရလျှင် သံဃာတော်တို့အား ပင့်ဖိတ်ပြီး ပြိတ္တာမအား ရည်စူးလျက် သံဃာတော်တို့အား ဆွမ်းလှူကာ ပြိတ္တာမအား အမျှပေးဝေ၏။

ယင်းသို့ အရှင်သာရိပုတ္တရာမထေရ်မှ ပြိတ္တာမအား အမျှဝေလျှင် နတ်၌ဖြစ်သော အ၀တ်အထည်ကို ၀တ်ဆင်ခွင့်ရ၏။

နတ်၌ဖြစ်သော အစားအစာ၊ အဖျော်ယမကာတို့အား ပြည့်စုံစွာ စားသောက်ခွင့်ရ၏။

ထို့နောက် ပြိတ္တာဘ၀မှလွတ်မြောက်ခွင့်ရကာ ကိုယ်အရောင်အဆင်း တောက်ပသည့် နတ်သမီးအသွင်ဖြစ်လာပြီး နတ်ဗိမာန်စည်းစိမ်ကို ခံစားရ၏။

နတ်သမီးသည် ဤသို့ နတ်စည်းစိမ် ခံစားရသည့် အခြေအနေကို ဆင်ခြင်မိလျှင် ဤသို့ဖြစ်တည်ခံစားရခြင်းသည် အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး၏ ကျေးဇူးကြောင့်ဟု ဆင်ခြင်မိ၏။

“မထေရ်မြတ်ကျေးဇူးက ကြီးလှတယ်”

ယင်းသို့ အသိ၀င်လျှင် မထေရ်မြတ်အား ကျေးဇူးဆပ်ကန်တော့ရန်အတွက် မထေရ်မြတ်ထံသို့ ချဉ်းကပ်ခဲ့၏။

စံလှတာပေ

www.burmeseclassic.com



ထို့နောက် ကိုယ်ထင်ပြ၏။

"ကိုယ်ရောင်ကိုယ်ဝါ တောက်ပပြီး လှပဆန်းကြယ်သည့် အဝတ်အထည်တို့ ဆင်မြန်းလျက် ငါ့ထံ ချဉ်းကပ်လာသူက မည်သူနည်း"

အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးက မေးလိုက်၏။

ထိုအခါ ဗိမာန်ရှင်က မိမိ၏ဘဝဖြစ်စဉ်များကိုလည်းကောင်း အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး၏ မဟာကရုဏာ မေတ္တာကြီးမားပုံအားလည်းကောင်း အကျယ်တဝင့် လျှောက်ထား၏။

"အရှင်ဘုရား...တပည့်တော်မသည် အရှင်ဘုရားအား ကန်တော့ရန်အတွက် လာခဲ့ပါသည်။ အရှင်ဘုရားသည် တပည့်တော်မ၏ ဘဝလမ်းကြောင်း ဖြောင့်တန်းရန် တပည့်မ၏ဘဝ ကောင်းမွန်စေရန် အစဉ်သနားစောင့်ရှောက်ခဲ့သူ ဖြစ်ပါသည်။ ကျေးဇူးရှင်လည်း ဖြစ်ပါသဖြင့် သဒ္ဓါညွတ်ကျိုး ရှိခိုးပါသည် ဘုရား"

"သာဓု...သာဓု...သာဓု"

အရှင်သာရိပုတ္တရာမထေရ်ကြီးက တည်ငြိမ်စွာဖြင့် သာဓုခေါ်တော်မူ၏။

စံလှစာပေ



ထိုအခါ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးသည် ထိုနတ်သမီးအား အကြောင်းပြု၍ ကက္ကဝတီရွာ၊ ဒီဃရာဇီရွာတို့မှ လာရောက်ကြသည့် ရွာသူရွာသားများအား ပြိတ္တာဘဝမှအစ နတ်သမီးဖြစ်သည့်အထိ အကျယ်တဝင့် ဟောပြဆုံးမခဲ့၏။

သံသာရမောစကာ မိစ္ဆာဒိဋ္ဌိအယူရှိသည့် ရွာသူရွာသားတို့သည်လည်း ထိတ်လန့်သံဝေဂရကြ၏။

မကောင်းမှုကင်းပြီး ရတနာသုံးပါးအား ယုံကြည်ဆည်းကပ်ခြင်းသည် မြတ်သောအယူဟု သိကြ၏။

စင်စစ် ထိုအကြောင်းသည် ရဟန်းပရိသတ်လောကတွင် ထင်ရှားသည့်အကြောင်းဖြစ်၏။ ထို့အတူ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး၏ မဟာကရုဏာတရားကြီးမားပုံအားလည်း ဘုရားရှင်အား လျှောက်ထားကြ၏။

ဘုရားရှင်သည်လည်း ထိုပြိတ္တာမ၏ အကြောင်းအား တရားနာရောက်လာသည့် ပရိသတ်တို့အား ဟောပြရာ များစွာသော ပရိသတ်တို့သည် သတိသံဝေဂရကြ၏။

သို့နှယ်ပင် ကုသိုလ်တရား၌ ကြိုးစားအားထုတ်ကြသဖြင့် အကျိုးများစွာကို ခံစားခဲ့ကြလေသတည်း။

**(သံသာရမောစကာ ပေတဝတ္ထု)**

စံလှစာပေ

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၁ )

# သားက မယေရ်ဖြုတ်
# မိခင်က တစ္ဆေမ

www.burmeseclassic.com

www.burmeseclassic.com



တပည့်တော်မသည်...

ရှေးငါးဘဝက

မထေရ်မြတ်၏မိခင် ဖြစ်ခဲ့ဖူးပါသည်။

ယခု ပြိတ္တာဘုံဘဝ ရောက်နေရသူ

ဖြစ်ပါသည်။

တစ်နေ့...

တိတိပပပြောရလျှင် တစ်ည...။

တစ္ဆေမတစ်ဦးသည် တရွေ့ရွေ့ လှမ်းလျှောက်လာ၏။ သူ လှမ်းလျှောက်လာပုံသည် နှေးကွေး၏။ သူဦးတည်လှမ်းလျှောက် လာရာက အခြားသောနေရာမဟုတ်။

အရှင်အရိပုတ္တရာမထေရ်မြတ်ကြီး သီတင်းသုံးသည့်ကျောင်း သို့ ဖြစ်၏။

တစ္ဆေမ တရွေ့ရွေ့လှမ်းလျှောက်လာ၏။

ကျောင်းတိုက်အပေါက်ဝသို့ ရောက်ခဲ့ပြီ။

ကျောင်းတိုက်ဝသို့ရောက်ပြီး တံခါးဝသို့ ကျူးဝင်ရန် ဟန် ပြင်လိုက်ပြီ။

"ဟော...ရပ်"

စလုစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဟန့်တားသံလည်း ရုတ်ခနဲပေါ်လာ၏။ အသံသည် မာသည်။ ပြတ်သည်။

တစ္ဆေမသည် ခြေလှမ်းတုံ့သွား၏။

"အို..."

တစ္ဆေမသည် အလန့်တကြားကြည့်လိုက်၏။ တစ္ဆေမအား ဟန့်တားလိုက်သူက ကျောင်းစောင့်နတ်ဖြစ်သည်။

"အစိမ်းသရဲမ... ဒီနေရာကို နင့်နေရာမဟုတ်၊ နင်ရပ်တော့"

ဟု ဆို၏။

တစ္ဆေမက ညှိုးငယ်စွာဖြင့်...

"အရှင်နတ်မင်း...ကျွန်ုပ်သည် ဤမထေရ်မြတ်၏ ငါးခုမြောက်ဘဝက အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီး၏မယ်တော် ဖြစ်ခဲ့ပါသည်။ ယခု ကျွန်ုပ်လာခဲ့သည်မှာ မထေရ်မြတ်အား ဖူးမြော်ရန်ဖြစ်ပါသည်"

သည်အခါ တံခါးစောင့်နတ်က ဦးခေါင်းဆတ်ပြီး ပြိတ္တာမအား ဝင်ခွင့်ပြုလိုက်သည်။

တစ္ဆေမ ဝမ်းသာသွား၏။

တစ္ဆေမသည် တဖြည်းဖြည်းလှမ်းလျှောက်လာရင်းမှ အရှင်





သာရိပုတ္တရာမထေရ်မြတ်၏ ကျောင်းစင်္ကြံစွန်း၌ မထေရ်မြတ်အား ကိုယ်ထင်ပြ၏။

အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး မြင်သွားပြီး

"အသားအရေ ခန်းခြောက်ပြီး ရုပ်ဆင်းရူပကာ ချို့တဲ့စွာဖြင့် ရောက်လာသူက မည်သူနည်း"

ဟု မထေရ်မြတ်က မေး၏။

တစ္ဆေမက

"အရှင်မြတ်ဘုရား...တပည့်တော်မသည် ရှေ့ငါးဘဝက မထေရ်မြတ်၏မိခင် ဖြစ်ခဲ့ဖူးပါသည်။ ယခု ပြိတ္တာဘုံဘဝသို့ ရောက်နေရသူ ဖြစ်ပါသည်"

ဟု လျှောက်ထား၏။

"ယခု ဘယ်သို့သောကိစ္စကြောင့် ရောက်လာပါသနည်း"

"သားတော် အရှင်မင်းမြတ်... ယခု တပည့်တော်မသည် သူတကာစွန့်ပစ်သော တံတွေး၊ သလိပ်နှင့် မီးဖွားမိန်းမတို့မှ ထွက်တဲ့ သွေးပုပ်တို့အား မရွံမရှာ စားသောက်နေရပါသည်"

အရှင်သာရိပုတ္တရာမထေရ်သည် စိတ်မကောင်းဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



သနားခြင်းကရုဏာနှင့် ကြိုးလိုက်သည်။ တစ္ဆေမ−

"သားတော်အရှင်မင်းမြတ်... တပည့်တော်မသည် အစဉ်အမြဲ ဆာလောင်မွတ်သိပ်နေပြီး အမြဲထာဝရ ဆာလောင်မွတ်သိပ်သည့်ဒဏ်ကို ခံစားနေရပါသည်။ မိခင် ထိုဘဝမှ လွတ်မြောက်ချင်ပါသည်။ ဤဘဝမှ လွတ်မြောက်ရေးအတွက် သားတော်မောင် အလှူပေး၍ ကူညီစောင့်ရှောက် စေလိုပါသည်"

ဟု လျှောက်၏။

အရှင်သာရိပုတ္တရာက တည်ငြိမ်စွာဖြင့်−

"အသင်သည် အံ့ဘယ်မည်သော မကောင်းမှုကံကို ပြုခဲ့သဖြင့် ဤသို့ ဆင်းရဲခြင်းကြီးသော ဒုက္ခကို ခံစားနေရသည့်ဘဝ ဖြစ်ရသနည်း"

ထိုအခါ တစ္ဆေမက သူ၏ ဆင်းရဲဒုက္ခကြုံရသည့် ဘဝအစနှင့် အဆုံးအား ပြောပြသည်။

* * *

စံလှတာပေ



# စေတနာရှင်နှင့် သန္ဓါအားယုတ်သူ

ဟာရာဏသီပြည်၌ ကြွယ်ဝချမ်းသာမှုရှိသော ပုဏ္ဏားတစ်ဦးသည် ရဟန်းများ၊ ပုဏ္ဏားများ၊ အထီးကျန်သူများ၊ ခရီးသွားနှင့် ဖုန်းတောင်းယာစကာတို့အတွက် ရေတွင်းရေကန်သဖွယ် ဖြစ်ခဲ့၏။

ပုဏ္ဏားသည် စေတနာကောင်း၏။

လူတို့အတွက် ထမင်း၊ အဖျော်၊ အဝတ်၊ ပုဆိုး၊ အိပ်ရာနေရာများအား မတွန့်မဆုတ် ပေးလှူ၏။

သို့နှယ်ပင် သူ့ထံသို့လာကြကုန်သည့်သူများအား ကာလအလိုက်အထိုက် ကံအားလျော်စွာ ခြေဆေးရေ ခြေနယ်ဆီများ စီစဉ်ပေး၏။

စံလှတာပေ

www.burmeseclassic.com

www.burmeseclassic.com



ခရီးလမ်းသွားသူများအတွက် ခရီးစရိတ်၊ စားနပ်ရိက္ခာကို ရှာကြံပေး၏။

နံနက်ခင်းအချိန်တွင်မူ ရဟန်းတို့အား ဆွမ်းအဖျော် စသည်တို့ဖြင့် ရိုသေစွာလုပ်ကျွေးလေ့ရှိ၏။

တစ်နေ့သ၌ ဆိုသူကြွယ်ပုဏ္ဏားသည် အရပ်တစ်ပါးသို့ ခရီးသွားသည်ရှိသော် မယားဖြစ်သူကို ဤသို့မှာကြား၏။

"အရှင်မ...နေ့စဉ်ပြုနေကျဝတ်ကို မဆုတ်မယုတ် မပျက်ပြားပါစေနှင့်။ မမေ့မလျော့ပြုစုပါ"

ဟု မှာ၏။

"ကောင်းပါပြီ"

မယားဖြစ်သူက ဒါပဲပြော၏။

စင်စစ် ပုဏ္ဏားနှင့် မယားသည် သဘောမညီချေ။ လင်ဖြစ်သူက သဒ္ဓါတရားပြည့်စုံသော်လည်း မယားဖြစ်သူက သဒ္ဓါတရားမရှိ။

ထို့ကြောင့် လင်ဖြစ်သူ ခရီးသွားလျှင် ဦးစွာပထမ ရဟန်းဘို့အား ပြုစုသည့်ဝတ်ကို ဖျက်လိုက်၏။

ထို့မှမက လာလေသော ခရီးသည်တို့အားလည်း နေရာထိုင်ခင်း ကောင်းစွာပေးခြင်းမရှိ။





"အိမ်ရှေ့မှာ နေရာမရှိဘူး၊ ရှိတဲ့နေရာကလည်း ဧည့်သည်အတွက်မဟုတ်ဘူး။ နေချင်ရင် ဇရပ်ပျက်မှာ နေကြ"

ဟု ပြောပြီး ဖြစ်သလိုထား၏။

သို့နှယ်ပင် ထမင်းအဖျော် စသည်တို့ လာတောင်းလျှင်

"ဟင်း...တောင်းဖို့ရမ်းဖို့ပဲ စဉ်းစားနေတယ်။ မစင်ကျင်ငယ်တွေကို စားပါလား။ သွေးပုပ် သလိပ်တွေကို စားပါလား။ လူတွေ အားအားယားယား အလကားပဲ လာတောင်းနေကြတယ်"

ဟု မကြားဝံ့မနာသာ ေ ၏။

ယုတ်ညံ့သောစကား၊ ယုတ်ညံ့သောအပြုအမူ၊ အပြောအဆိုကို ပြောဆို၏။ မကြားဝံ့မနာသာ ကျိန်ဆဲပြောဆို၏။

သို့နှင့် ပုဏ္ဏားမသည် အသက်အားလျော်စွာနေပြီး ကွယ်လွန်ချိန်တန်လျှင် ကွယ်လွန်အနိစ္စရောက်၏။

ထိုပုဏ္ဏားမ ကွယ်လွန်လျှင် မိမိပြုခဲ့မိသည့် ကာယကံ၊ ဝစီကံ၊ မနောကံ၏ အကုသိုလ်မကောင်းမှုကံတို့ကြောင့် ပြိတ္တာဘုံသို့ ရောက်ပြီး တံတွေး၊ သလိပ်၊ အညစ်အကြေးတို့ကို စားကြံရလေသတည်း။



www.burmeseclassic.com

www.burmeseclassic.com



# ကယ်တင်ရှင်နှင့် ဝိမာန်ရှင်

လွန်ခဲ့သည့် ငါးဘဝက မိခင်တော်စပ်ဖူးသူ၏ အတိတ်ဘဝ အကြောင်းကို အရှင်သာရိပုတ္တရာသိလျှင် သနားကရုဏာသက်ခဲ့ ဖူး၏။ အကုသိုလ်၏အကျိုးပေးကား ဆိုးလှသည်ဟု ခံစားရ၏။

ထို့ကြောင့် မိခင်တော်စပ်ဖူးသည့် ပြိတ္တာမအား မဟာ ကရုဏာနှင့် ကြည့်လိုက်ပြီး "ကောင်းပြီ"ဟု ဝန်ခံလိုက်၏။

ထို့နောက် နှစ်ရက်မြောက်သောနေ့တွင် အရှင်မောဂ္ဂလာန်၊ အရှင်အနုရုဒ္ဓါ မထေရ်မြတ်နှစ်ပါးအား ပင့်တော်မူပြီး ရာဇဂြိုဟ် ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရ နန်းတော်သို့ ဆွမ်းအလို့ငှာ ဝင်တော်မူ ခဲ့၏။

"အရှင်ဘုရားတို့ အဘယ်အလိုရှိ၍ ဝင်လာကြ သနည်း"

ဘုရင်ပြင်းမြတ်က မေး၏။

သည်အခါ အရှင်မောဂ္ဂလာန်မထေရ်မြတ်က ကြွလာခြင်း အကြောင်းရင်းနှင့် အကြောင်းရင်းဖြစ်ပုံအား မင်းကြီးအား မိန့် ကြားရှင်းပြ၏။

"ကောင်းပြီ...တပည့်တော် သဘာပေါက်ပါပြီ၊ တပည့်တော် ပြုလုပ်ပေးမည်ဟု ဝန်ခံပါသည်"

ဟု လျှောက်တင်၏။

မထေရ်မြတ်တို့ ပြန်ကြွသွားလျှင် ဗိမ္ဗိသာရမင်းကြီးသည် လူရသောအမှုကိစ္စတို့အား စီရင်တတ်သည့်အမတ်တို့အား ခေါ်ယူ ပြီး မြို့နှင့်မနီးမဝေးလည်းဖြစ်သော အေးချမ်းသာယာ ဆိတ်ငြိမ် လျက် အရိပ်ရေနှင့်ပြည့်စုံသောအရပ်၌ လေးဆောင်သောကျောင်း ကို ဆောက်လုပ်၏။

ယင်းသို့ဆောက်လုပ်ပြီးလျှင် မင်းကြီးကိုယ်တိုင် အရိပ်သို့ သွား၏။

ပြုဖွယ်ကိစ္စအဝဝကို ပြုလုပ်၏။

ထို့နောက် ဗလိနတ်စာကျွေးမွေးရာ အခမ်းအနားကို စီရင် ၏။

ပြီးလျှင်...







www.burmeseclassic.com

www.burmeseclassic.com



ဆွမ်း အဖျော်ယမကာ၊ အဝတ်သင်္ကန်း ...စသည်တို့အား မြတ်စွာဘုရား အမှူးပြု၍ စတုဒိသာ သံဃာတို့အား လှျောက်ပတ်သော အလုံးစုံသည့် ပရိက္ခရာများအား တည်ခင်းစေပြီးလျှင် သာရိပုတ္တရာမထေရ်မြတ်ကြီးအား ပေးအပ်လှူဒါန်း၏။

※ ※ ※

အရှင်သာရိပုတ္တရာမထေရ်မြတ်သည် မိခင်တော်စပ်ဖူးသည့် တစ္ဆေမအား ရည်စူးပြီး အလုံးစုံသော လှူဖွယ်ဝတ္ထုအစုစုအား မြတ်စွာဘုရားအမှူးပြုသည့် စတုဒိသာ သံဃာတော်အရှင်မြတ်တို့အား လှူဒါန်း၏။

အမျှလည်းပေးဝေ၏။

ထိုအခါ ပြိတ္တာမသည် ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ရ၏။ ယင်းသို့ သာဓုခေါ်ရလျှင် ဤသို့ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ရသည့် အကျိုးတရားကြောင့် နတ်ပြည်၌ နတ်စည်းစိမ် ခံစားရ၏။

သို့နှင့် ထိုပြိတ္တာမသည် နတ်သမီးဘဝသို့ ရောက်လျှင် [illegible]ဝကို ဆင်ခြင်သော် အရှင်သာရိပုတ္တရာမထေရ်မြတ်၏ [illegible]ကြောင့် ဤသို့ နတ်စည်းစိမ်ခံစားရသည်ကို သိ၏။





ထိုကြောင့် မထေရ်မြတ်ထံ ချဉ်းကပ်ပြီး ရှိခိုးပူဇော်၏။

※ ※ ※

အရှင်မဟာမောဂ္ဂလာန်နှင့် နတ်သမီးတို့သည် နတ်ပြည်၌ ဆုံစည်းကြ၏။

သည်အခါ အရှင်မောဂ္ဂလာန်က နတ်သမီးအား နတ်စည်းစိမ်ခံစားရပုံအား မေးမြန်း၏။

နတ်သမီးကလည်း အကြောင်းစုံပြောပြရာ ထိုအကြောင်းအား အရှင်မောဂ္ဂလာန်က ဘုရားရှင်အား ပြန်လည်လျှောက်ထားရာ ဘုရားရှင်မှ တရားနာပရိသတ်အား တရားပြသဖြင့် ပရိသတ်သံဝေဂရပြီး ဒါနသီလ အမှူးပြုကြသဖြင့် အကျိုးများရလေသတည်း။

(သာရိပုတ္တထေရမာတုပေတဝတ္ထု)

◆



www.burmeseclassic.com

www.burmeseclassic.com

# နိဂုံး

( သို့ မ ဟုတ် )

# ဝန်ခံချက်

www.burmeseclassic.com

www.burmeseclassic.com



ဤ'ကောသမ္ဗီမှ ထဲစွေမ်နှင့် ဖြစ်ရပ်ဆန်းကြယ် တစ္ဆေဇာတ်လမ်းများသည် ဘုရားရှင်လက်ထက်တော်အခါက အမှန်တကယ်ဖြစ်ခဲ့သည့် အကြောင်းများဖြစ်၏။

ထိုအကြောင်းများသည်'ကုသိုလ်၊ အကုသိုလ်'၏ အကြောင်းဆက်များဖြစ်သလို လူတိုင်းသိသင့် နားလည်သင့်သည့်အကြောင်းများလည်း ဖြစ်၏။

ယင်းသို့ စာဖတ်သူများ ဗဟုသုတပွား၍ ကုသိုလ်အကြောင်းတရားနှင့် ယဉ်ပါးပျော်ပါးနိုင်စေရန် 'ဥဒ္ဒကနိကယ်ဝင် ပေတဝတ္ထုတော်'ကြီးမှ ထုတ်နုတ်၍ စီရင်ရေးသားရခြင်းဖြစ်ပါသည်။

စာဖတ်သူတို့ရဲ့...

အောင်မြတ်ဦး

စလှစာပေ

BURMESE CLASSIC .com

www.burmeseclassic.com